# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက်၊ တနင်္လာနေ့၊ (26-3-2007) (၅၂၇၃)


## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၇ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာ အီယာကျူဒင် အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



## တပ်မတော်နဲ့ပြည်သူ ကြည်ဖြူစွာ လက်တွဲ

ဒို့တပ်မတော်ဟာ အမျိုးသား နိုင်ငံရေးက ပေါက်ဖွားလာခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ ဖက်ဆစ်ဆန့်ကျင်ရေးကာလမှာ ဒို့တပ်မတော်ဟာ ရဟန်းရှင်လူ ပြည်သူအားလုံးနဲ့ လက်တွဲပြီး ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးခဲ့တာ ဖြစ်တယ်။ ပြည်သူဟာလည်း တပ်မတော်၊ တပ်မတော်ဟာလည်း ပြည်သူအဖြစ် တစ်သွေးတည်း၊ တစ်သားတည်း ကြည်ဖြူစွာ လက်တွဲခဲ့ကြတယ်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၈)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ–

## တကောရေထိန်းတံခါးစီမံကိန်း ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သုံးခွမြို့နယ် တကောရေထိန်းတံခါး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





# (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောင်းကုန်း–ဆိပ်ကြီး ကတ္တရာလမ်းသစ်ဖွင့် ဒေးပေါက်စံပြကျေးရွာ၌ သဘာဝဓာတ်ငွေ့အသုံးပြု ကျေးရွာ ဓာတ်အားပေးလုပ်ငန်း ဖွင့်ပွဲကျင်းပ သုံးခွမြို့နယ် တကောရေထိန်းတံခါး တည်ဆောက်နေမှု ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၅

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ခရမ်းနှင့် သုံးခွမြို့နယ်များ၏ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ကျောင်းကုန်း–ဆိပ်ကြီး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက ကျောင်းကုန်း–ဆိပ်ကြီးလမ်းနှင့် သက်ဆိုင်သော အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသိန်းတန်က လမ်းသစ်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၆–၃–၂၀၀၇
(တနင်္လာနေ့)

## နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်မှု အစဉ်ရှေးရှု စီမံကိန်းများအောင်မြင်ရေး ညှိနှိုင်းပေါင်းစပ်ဖော်ဆောင်

နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် အထူးစီမံကိန်းကြီးများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အဆိုပါစီမံကိန်းကြီးများသည် နှစ်တိုစီမံကိန်းများနှင့် နှစ်ရှည်စီမံကိန်းများဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် စီမံကိန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အရှိန်အဟုန်မြှင့်ကြိုးပမ်းလျက်ရှိသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၇) ညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၃ ရက်နေ့က နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားရာတွင်–

**“နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန်၌ တာဝန်များကို ကျေပွန်ရုံသာ ထမ်းဆောင်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်ကို အလုပ်အကျွေးပြုမည်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် စိတ်စေတနာဖြင့် တက်တက်ကြွကြွ ဆက်လက်ကြိုးပမ်း လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း”** လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတစ်ဝန်း၌ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထူးစီမံကိန်းကြီးများကို အလေးထား အကောင်အထည်ဖော်လျက်ရှိရာ ဗဟို၏ကြီးကြပ်ညှိနှိုင်းပေါင်းစပ်မှု၊ ဝန်ကြီးဌာနအားလုံး၏ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကြောင့် ကဏ္ဍအလိုက် တိုးတက်အောင်မြင်မှုများရရှိနေသည်။ အကျိုးဖြစ်ထွန်းမှု ရလဒ်ကောင်းများ အောင်မြင်ပြီး ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

ယင်းသို့ရရှိလာသည့် တိုးတက်အောင်မြင်မှု အခြေအနေကောင်းများနှင့်အတူ အကောင်အထည်ဖော်နေဆဲ စီမံကိန်းကြီးများကိုလည်း ဝန်ကြီးဌာနများက အပြန်အလှန်ဆက်စပ်ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပူးပေါင်းကူညီရိုင်းပင်းခြင်းတို့ဖြင့် တက်တက်ကြွကြွ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏ရေမြေသဘာဝသယံဇာတ အခြေအနေပေးမှုများကို အပြည့်အဝရယူအသုံးပြုပြီး အတတ်ပညာစွမ်းအား၊ စိတ်စေတနာစွမ်းအားဖြင့် အထူးစီမံကိန်းကြီးများ အောင်မြင်ပြီးမြောက်ရေး ကြိုးပမ်းဖော်ဆောင်နိုင်သည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် အလျင်အမြန် ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ ။




### ဆက်ကပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဦးဝမ်းကြည်အားရည်စူး၍ ဒေါ်ဝင်းကြည် မိသားစု ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အင်္ဂပူလမ်းမှ ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်ချုပ်သာအေး ပခုက္ကူမြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှု၊ ငွေသာရေလှောင်တမံရေထိန်းသိမ်းမှုနှင့် ဆားလင်းကြီးရေလှောင်တမံ ဆည်ရေပေးဝေမှုကြည့်ရှုစစ်ဆေး





နေပြည်တော် မတ် ၂၅

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ပခုက္ကူတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်မောင်အုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၇ ရက် နံနက်ပိုင်းက ပခုက္ကူမြို့တွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြကန်သာအပန်းဖြေဥယျာဉ်၌ ပန်းအလှပင်များ၊ သစ်ပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။**

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပခုက္ကူမြို့အထွက် မိုင်တိုင်အမှတ် (၄၁/၃)၌ မရိုးကန်–ဝက်ခုတ်–ငွေသာ–ဆားလင်းကြီးလမ်းအပိုင်းဖောက်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ ဝက်ခုတ်ကျေးရွာအနီး တောင်ယမားချောင်း(ဝက်ခုတ်) တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့လည်းကောင်း၊ ဝက်ခုတ် ငွေသာလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ၌ နွေစပါး စိုက်ပျိုးရေးဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ငွေသာဆည်သို့ရောက်ရှိပြီး ငွေသာရေလှောင်တမံ ရေထိန်းမျှော်စင်ပေါ်မှ ရေလှောင်တမံအတွင်း ရေထိန်းသိမ်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဆားလင်းကြီး ရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများက ဆားလင်းကြီးရေလှောင်တမံ ပတ်ဝန်းကျင်လယ်မြေများသို့ စိုက်ပျိုးရေပေးဝေနိုင်မှုနှင့် သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ပခုက္ကူမြို့ရှိ တောင်ယမားချောင်း(ဝက်ခုတ်)တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မေခလာလမ်းနေ သား ဦးခင်မောင်–ဒေါ်ခင်စော၊ သမီး ခင်သစ္စာတို့က ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ရိပ်သာဓမ္မာရုံ ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ နာယက ဓမ္မကထိကဆရာ ဦးသိန်းဆွေနှင့် ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်တို့ လက်ခံရယူစဉ်။** (ကြေးမုံ)

## အလက(၄)လှိုင်(ကျားကျောင်း)အာစရိယပူဇော်ပွဲ

**ရန်ကုန် မတ် ၂၅**

၁၉၇၇ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ် ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို လှိုင်မြို့နယ် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ပရဟိတကျားကျောင်း ဝေဇယန္တာခန်းမတွင် ဧပြီ ၁ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ပါရန်နှင့် လှူဒါန်းလိုပါက ဆရာမကြီး ဒေါ်မြသန်း ဖုန်း–၇၂၃၇၄၄၊ ကိုအောင်ကိုဦး ဖုန်း–၅၃၅၆၃၄၊ မခင်မျိုးလွင် (အထည်ဆိုင်၊ လှိုင်ဈေးကြီး)ဖုန်း–၀၉၅၁–၅၁၇၅၇၀၀ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

## ကသာခရိုင်အသင်းနှစ်ပတ်လည်အစည်းအဝေး

**ရန်ကုန် မတ် ၂၅**

ကသာခရိုင်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင်းပွဲနှင့် နှစ်ပတ်လည် ခုနစ်မြို့နယ် မိသားစုမိတ်ဆုံပွဲကို ဧပြီ ၁ ရက် (တနင်္ဂနွေနေ့)နံနက်၉ နာရီတွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ သစ်လုပ်ငန်း ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်မိသားစုများ၏ အသက် (၇၅)နှစ်ပြည့် ကန်တော့ခံ ဘိုးဘွားများ စာရင်းနှင့် ၂၀၀၅–၂၀၀၆ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရသည့် သား၊ သမီးများစာရင်းကို ဦးစိုးနိုင် (ဥက္ကဋ္ဌ) ဖုန်း–၆၆၃၀၀၄၊ ဦးညွန့်ဦး(ဒု–ဥက္ကဋ္ဌ) ဖုန်း–၀၉–၅၁၁၂၅၅၇၊ ဒေါ်ခင်ပြုံး ဖုန်း–၅၇၂၈၁၀၊ ဦးဖေတင် ဖုန်း–၅၀၂၀၀၅၊ ဒေါ်ညွန့်ညွန့်ရွှေ ဖုန်း–၆၆၃၆၄၁၊ ဒေါ်မာမာထူး ဖုန်း–၅၇၁၆၈၂၊ ဦးအောင်ဝင်း(အတွင်း ရေးမှူး) ဖုန်း–၀၉–၅၁၁–၀၇၃၅ တို့သို့ စာရင်းပေးပို့ကြရန်နှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ခုနစ် မြို့နယ် နယ်သူ/နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က–ပ)



### လက်မှတ်ချီးမြှင့်

**ရန်ကင်းမြို့နယ် အမက(၁၂)၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၄ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက စတုတ္ထတန်းကျောင်းသူ မဇွန်ဇာနီးအား လက်မှတ်ချီးမြှင့်စဉ်။** (ပညာရေး)

# ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချစိုက်ပျိုးပွဲ ပျဉ်းမနားမြို့နယ်၌ ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး တက်ရောက်အားပေး

နေပြည်တော် မတ် ၂၅

**၂၀၀၆-၂၀၀၇ ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇ နာရီတွင် ပျဉ်းမနားမြို့နယ် ကန်ဦးကျေးရွာအုပ်စု သပြေလှကျေးရွာ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့ တက်ရောက်အားပေးသည်။**

### တက်ရောက်

အခမ်းအနားသို့ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဖော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးမှတ်ကြီးနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်က မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုနှင့် ပျိုးပင်၊ ပျိုးခြံများ စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

### မှာကြား

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားရာတွင် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုသည် နိုင်ငံတော်၏ လောင်စာဆီ လိုအပ်ချက်အရ စိုက်ပျိုးခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် လယ်ယာသုံး စက်ပစ္စည်းများအား ကြက်ဆူဆီဖြင့် အစားထိုးအသုံးပြုရန် ရည်မှန်းချက်ထားရှိကြောင်း၊ ယခင်နှစ်များက စိုက်ပျိုးထားသည့် နေရာများတွင် ဖြစ်ထွန်းမှု အားနည်းသည့်အတွက် ယခုနှစ်တွင် ပိုမိုကြိုးပမ်း အစားထိုး စိုက်ပျိုးရန်လိုကြောင်း၊ နေပြည်တော် ဒေသအတွင်း ရည်မှန်းဧက ပြည့်မီအောင် စံပြအနေဖြင့် စနစ်တကျ စိုက်ပျိုးသွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးပင်များကို ပေးအပ်သည်။

### ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ပျိုးအိတ်အတွင်း မျိုးစေ့နှင့် အပင်များကို ထည့်သွင်းစိုက်ပျိုးပေးသည်။ ဆက်လက်၍ ခြံစည်းရိုးကြက်ဆူ ပျိုးပင်ခြံအတွင်းသို့ လှည့်လည်ကြည့်ရှုပြီး စက်မှုလယ်ယာဦးစီးဌာနမှ ပြသထားသည့် ကြက်ဆူဆီဖြင့် မောင်းနှင်သည့် လယ်ယာသုံး စက်ကိရိယာများ မောင်းနှင်မှုကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ပျိုးထောင်ထားရှိ

ပျဉ်းမနားမြို့နယ်သည် ၂၀၀၆-၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ ၃၇၉၇ ဧက စိုက်ပျိုးရန် လျာထားပြီး မြို့နယ်ကြက်ဆူပျိုးခြံတွင် ပျိုးပင်ပေါင်း ၁၁၄၆၀၀ပင် ပျိုးထောင်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချစိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအား ခြံစည်းရိုးကြက်ဆူ မျိုးစေ့နှင့် ပျိုးပင်များကို ပေးအပ်စဉ်။** (သတင်းစဉ်)

# အထက(၁) အလုံ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် မတ် ၂၅**

အလုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ယခင် ပဲခူးကရင် တန်းမြင့်ကျောင်း)တွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၅၅)နှစ်အထက်၊ လုပ်သက် (၂၅)နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက တတိယအကြိမ် ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းပူဇော်လိုသော ကျောင်းသား၊ ကျောင်းသူများသည် ဆရာမ ဒေါ်ရီးလေ၊ ဆရာမ ဒေါ်အေးပွင့်၊ ဆရာမ ဒေါ်လားမီ၊ ဆရာမ ဒေါ်မြင့်မြင့်စိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်တင် ဖုန်း- ၂၂၀၅၉၈၊ ဒေါက်တာ လွင်လွင်ဦးလှိုင် ဖုန်း- ၀၉၅၁ ၃၅၀၂၁၊ ကိုအောင်ကျော်သန်း ဖုန်း- ၀၉၅၀ ၀၆၇၁၁နှင့် မသီတာထွေး ဖုန်း-၀၉၅၁ ၁၁၃၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(က-ပ)

# မျက်စိအထူးကု ဆရာဝန်ကြီးများ ရေနံချောင်းမြို့၌ အခမဲ့ ကွင်းဆင်းကုသ

ရန်ကုန် မတ် ၂၅

**ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများဖြစ်ကြသော ပါမောက္ခ ဒေါက်တာတင်ဝင်းနှင့် ပါမောက္ခ ဒေါက်တာကံညွန့်တို့ ဦးဆောင်သည့် မျက်စိအထူးကုအဖွဲ့သည် မတ် ၁၉ ရက်မှ ၂၂ ရက်ထိ ရေနံချောင်းမြို့တွင် အခမဲ့ ကွင်းဆင်းခွဲစိတ်ကုသခဲ့ကြသည်။**

အဆိုပါ အဖွဲ့တွင် ဒေါက်တာဦးမိုးကျော်၊ ဒေါက်တာ နီလာသိန်း၊ ဒေါက်တာစောသွင်မွန်သိန်း၊ ဒေါက်တာရီလင်း၊ ဒေါက်တာအောင်မိုးထွန်း၊ ဒေါက်တာသိန်းထွဋ်နှင့် သူနာပြုဆရာမများဖြစ်ကြသော နော်မရီးထားဦး၊ နော်လွဲကပေါ်၊ ဒေါ်ဝင်းပပ၊ ဒေါ်ယုဝါအောင်တို့ ပါဝင်ကြသည်။

### အခမဲ့ခွဲစိတ်ကုသ

ယင်းမျက်စိကုအဖွဲ့သည် ရေနံချောင်းမြို့နယ်နှင့် အနီးပတ်ဝန်းကျင်မြို့ရွာများမှ မျက်စိဝေဒနာရှင် ၂၅၀၇ ဦးကို စမ်းသပ်ကြည့်ရှု ကုသပေးကြပြီး အတွင်းတိမ်လူနာ ၂၈၈ ဦးနှင့် အသေးစား ခွဲစိတ်ကုသရန် လိုအပ်သည့် လူနာ ၂၈ဦး စုစုပေါင်း လူနာ ၃၁၆ ဦးတို့အား အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။

### ပံ့ပိုးကူညီ

အဆိုပါအဖွဲ့ကို ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံ (ခေတ္တ-ဆေးရုံအုပ်) ဒေါ်မေဖြူထိုက်နှင့် ဆေးရုံဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေနံချောင်းမြို့ မြို့မရတနာ လူမှုရေးအသင်းနှင့် စေတနာရှင် မြို့မိမြို့ဖများက အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့ကြသည်။

အခမဲ့ မျက်စိကုသရေးအဖွဲ့အတွက် လိုအပ်သော ဆေးဝါးများကို ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒါယကာ၊ ဒါယိကာမများ၊ ရေနံချောင်းမြို့နယ်အသင်းနှင့် အလှူရှင်များဖြစ်ကြသော ရေနံချောင်းမြို့နယ် ရွှေနဂါး စက်မှုလက်မှုလုပ်ငန်း၊ ALCON, Ashford၊ (စန်းလမင်း) Co,. Ltd၊ KTZ Co,. Ltd, United Pharma တို့က ပံ့ပိုးကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများ ရေနံချောင်းမြို့နယ်နှင့် ပတ်ဝန်းကျင် မြို့ရွာများမှ မျက်စိဝေဒနာရှင် လူနာများအား စမ်းသပ်ကုသပေးကြစဉ်။**

(သတင်းစဉ်)





# မဇ္ဈိမဂုဏ်ရည် ဆရာတော် ပြည်ပသာသနာပြု ဓမ္မခရီးစဉ်မှ ပြန်လည်ကြွရောက်တော်မူ

**ရန်ကုန် မတ် ၂၅**

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသနတက္ကသီလ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တကောဝိဒ အရှင်မြတ်သည် မတ် ၁၄ ရက်တွင် စင်ကာပူနိုင်ငံ Golden Asia View Trading PTE Co. Ltd. Big. Bear Trading Co., Ltd. နှင့် မလေးရှားနိုင်ငံရှိ အောင်မြန်မာ ကုမ္ပဏီလီမိတက်တို့၏ ပင့်လျှောက်ချက်အရ ပြည်ပသာသနာပြု ဓမ္မခရီးစဉ်ကြွရောက်တော်မူပြီး မတ် ၂၄ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

**ရန်ကုန် မတ် ၂၅**

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ အဖွဲ့(၁) အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲမှူးချုပ် သန်းဟန်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြပ်မတ်ကြသည်။

### ကြည့်ရှုစစ်ဆေး

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏အဓိက အချက်အချာကျသော နေရာများ၌ မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

# ကျိုက်ထီးရိုးမဟာစည်ရိပ်သာ ရှင်ပြု၊ ရဟန်းခံပွဲနှင့် တရားစခန်း

**ရန်ကုန် မတ် ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကင်ပွန်းစခန်းရှိ ကျိုက်ထီးရိုး မဟာစည်ရိပ်သာတွင် ရှင်ပြု၊ ရဟန်းခံပွဲနှင့် ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မဟာစည်ရိပ်သာကြီး၏ နာယက ဘဒ္ဒန္တဝိစာရိန္ဒ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) သာယာကုန်း ဆရာတော် ဦးစီး၍ တရားစခန်း ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ဖုန်း-၀၅၇-၆၀၁၀၀၊ ၆၀၄၇၃ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

# နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည် ပါကစ္စတန် စမ်းသပ်ပစ်လွှတ်



ပါကစ္စတန်နိုင်ငံ၌ စမ်းသပ်ပစ်လွှတ်လိုက်သော ခရုဇ်ဒုံးကျည်ကို မတ် ၂၃ရက် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

**အစ္စလမ္မာဘတ် မတ် ၂၄**

ပါကစ္စတန်နိုင်ငံသည် နျူကလီးယားထိပ်ဖူးတပ်ထားပြီး ကီလိုမီတာ ၇၀၀ (၄၃၅မိုင်)အကွာအဝေးအထိ ပစ်ခတ်နိုင်သည့် ဒုံးကျည်တစ်စင်းကို ကြာသပတေးနေ့က စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါဒုံးကျည်သည် ရေဒါမှရှောင်လွှဲနိုင်ပြီး နျူကလီးယားအပါအဝင် ပေါက်ကွဲစေနိုင်သည့် ထိပ်ဖူးအမျိုးမျိုး တပ်ဆင်နိုင်သည်ဟုဆိုသည်။

ယင်းဒုံးကျည်သည် ပစ်မှတ်ကို မလွဲအောင် ပစ်ခတ်နိုင်သည့် မဟာဗျူဟာ လက်နက်ဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

ယင်းဒုံးကျည်ကို ၂၀၀၅ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ပစ်ခတ်ခဲ့သည်။ ယခင်က ကီလိုမီတာ ၅၀၀သာ ပစ်ခတ်နိုင်ခဲ့ရာမှ ယခုအခါ ကီလိုမီတာ ၇၀၀ အထိ တိုးမြှင့်ပစ်ခတ်နိုင်သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

သမ္မတ မူရှာရက်ဖ်နှင့် ဝန်ကြီးချုပ်ရှော်ကတ်အဇစ်တို့က ယင်းဒုံးကျည်စမ်းသပ်ပစ်ခတ်ရာ၌ ပါဝင်ခဲ့သည့်သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများကို နှုတ်ဆက်ပြီး မဟာဗျူဟာမြောက် စီမံကိန်းအားလုံးနှင့် ပတ်သက်သည့် အစီအစဉ်များကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဒါကာ၌ အရက်ပြန် သောက်မိ၍ ခုနစ်ဦးသေဆုံး

**ဒါကာ မတ် ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့ပိုင်း ဒါကာမြို့မှ ၉၆ ကီလိုမီတာအကွာရှိ ကိုမီလာမြို့၌ မတ် ၂၀ ရက်က ပြုပြင်ထားသော အရက်ပြန်ကို သောက်သုံးမိခြင်းကြောင့် လူခုနစ်ဦး သေဆုံးခဲ့ကြောင်း အစ်တီဖက် သတင်းဌာနက မတ် ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

**သေဆုံး**

ဘူရီချန်ဒေသရှိ ဆေးအရောင်းဆိုင်မှ ပြန်လည်ပြုပြင်ထားသော အရက်ပြန်ကိုဝယ်ယူပြီး သောက်သုံးမိ၍ သေဆုံးကြခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

**ရောင်းချခွင့်မရှိ**

ဒါကာမြို့ဈေးများတွင် အရက်ကို တရားဝင်ရောင်းချခွင့်မရှိပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြုပြင်ထားသော အရက်ပြန်ကို သောက်သုံးမိ၍ သေဆုံးသူဦးရေသည် နှစ်စဉ် ဒါဇင်ပေါင်းများစွာ ရှိသည်။

အဆိုပါ အရက်ပြန်ကို ရောင်းချမှုအတွက် ဆေးဆိုင်မှ ဆရာဝန်ကို ဖမ်းဆီးထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# နျူကလီးယားကျွမ်းကျင်သူများ ရုရှား ပြန်လည်ခေါ်ယူ

ဗီယင်နာ မတ် ၂၄

**အီရန်နိုင်ငံ ဘူရှီယားနျူကလီးယား ဓာတ်ပေါင်းဖိုစက်ရုံရှိ စက်မှုအတတ်ပညာရှင်များ၊ အင်ဂျင်နီယာများနှင့် အခြားကျွမ်းကျင်သူ အများအပြားကို ရုရှားအစိုးရက ပြန်လည်ခေါ်ယူနေပြီဖြစ်ကြောင်း ဩစတြီးယား သတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။**

ကုလသမဂ္ဂက အီရန်နိုင်ငံအပေါ် တင်းကျပ်သည့် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရာတွင် ဖော်ပြပါ လုပ်ရပ်က အထောက်အကူပြုသည့် သဘောဖြစ်သည်ဟုဆိုသည်။ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီကအစီရင်ခံစာမထုတ်ပြန်မီ အီရန်က ယူရေနီယံသန့်စင်မှု ရပ်ဆိုင်းမည်မဟုတ်ကြောင်းပြောကြားခဲ့သည်။

ရုရှားကျွမ်းကျင်သူများသည်မော်စကိုသို့ လွှန်ခဲ့သည့် ရက်သတ္တပတ်က ထွက်ခွာခဲ့ကြရာ ယင်းလုပ်ရပ်သည် ရုရှားနှင့်အီရန်အကြားငွေကြေးပြဿနာအပေါ် သဘောတူညီမှုမရသည့်ကိစ္စနှင့် ပတ်သက်ဖွယ်ရှိသည်ဟု သိရသည်။

ရုရှားနျူကလီးယားစွမ်းအင်အေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဆာဂျီနိုဗီကော့ဗ်က ယင်းပြဿနာကို အတည်ပြုပြီး အကြောင်းရင်းမှာအီရန်ဘက်မှ ငွေကြေးပေးမှု နှောက်ကျခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



# ရှားပါးသတ္တဝါမိုလာမိုလာငါး တန်ဇန်းနီးယားကမ်းလွန်၌ဖမ်းမိ

**ဒါရက်ဆလမ် မတ် ၂၄**

တန်ဇန်းနီးယား ရေလုပ်သားများသည် ယခုလအတွင်း၌ ကီလ်ဝါသမုဒ္ဒရာနေ မိုလာမိုလာခေါ်ရှားပါးငါးကို ဖမ်းမိကြောင်း၊ တန်ဇန်းနီးယားနိုင်ငံကမ်းလွန်၌ ယင်းငါးမျိုးဖမ်းဆီးမိခြင်းသည် ၁၉၈၀ ပြည့်နှစ်ကာလမှ စတင်လျှင် တတိယအကြိမ် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါမိုလာမိုလာငါးသည်၁ဒသမ ၃ မီတာရှည်ပြီး ၁၀၅ ကီလိုဂရမ်ရှိကြောင်း၊ တန်ဇန်းနီးယားနိုင်ငံ အရှေ့တောင်ဘက် ကီလ်ဝါကမ်းလွန်၌ မတ် ၁၀ရက်က ဖမ်းမိခြင်းဖြစ်ကြောင်း တန်ဇန်နီးယားနိုင်ငံ ငါးသုတေသနဌာနက မတ်၂၀ရက်တွင် ဖော်ပြခဲ့သည်။

မိုလာမိုလာငါးကို တန်ဇန်းနီးယားနိုင်ငံ အိန္ဒိယသမုဒ္ဒရာကျွန်းစုတွင် ပါဝင်သော ဇန်ဇီဘာကျွန်းကမ်းလွန်၌ ပထမဆုံးဖမ်းမိခြင်းဖြစ်ကြောင်း၊ ၁၉၈၇ခုနှစ်က တန်ဇန်နီးယား အရှေ့မြောက်ဘက် ပန်ဂါနီကျွန်းကမ်းလွန်၌ ဒုတိယအကြိမ် ဖမ်းယူရရှိခဲ့ကြောင်း ဖော်ပြထားသည်။

ပင်လယ်ရေလွှာနေ မိုလာမိုလာငါးမျိုးသည် ငါးမန်းနှင့်ငါးလိပ်ကျောက်မျိုးများနှင့်မတူဘဲ အရိုးမာများသောငါးဖြစ်သည်။ ငါးမန်းနှင့် ငါးလိပ်ကျောက်မျိုးများသည် အရိုးနုများသာ ရှိသောငါးမျိုးများဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲ အမေရိကန်စစ်ယာဉ်တစ်စီး ပျက်စီး

**ဘဂ္ဂဒက် မတ် ၂၄**

အီရတ်နိုင်ငံရှိ အမေရိကန်စစ်ဘက်ယာဉ်တန်းတစ်ခုအနီး အင်္ဂါနေ့က လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် ဟမ်းဗီးစစ်ဘက်ယာဉ်တစ်စီး ပျက်စီးကြောင်း ရဲသတင်း ရပ်ကွက်နှင့် မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့ တောင်ပိုင်းရှိ ဂျာဒရီယာ တံတားပေါ်တွင် အမေရိကန်စစ်ယာဉ်တန်း ဖြတ်သန်းသွားလာစဉ် အနီးတွင် နံနက် ၈ နာရီက လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ လိုက်ပါစီးနင်းလာသည့် တပ်ဖွဲ့ဝင် သေဆုံးပြီး ဒဏ်ရာရရှိသည်ဟု ရဲသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ အမေရိကန် တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားသည့် နေရာ၌ အသွားအလာကို ပိတ်လိုက်သည်။ အမေရိကန်ဟမ်းဗီးယာဉ် မီးလောင်နေသည်ကို တွေ့ရှိခဲ့ရသည်ဟု မျက်မြင် တစ်ဦးက ပြောကြားသည်။

အခြားဖြစ်ရပ်တစ်ခုအဖြစ်ဘဂ္ဂဒက်တောင်ပိုင်း စီးပွားရေးလုပ်သည့် ခြိဝိုင်းတစ်ခုအနီးတွင်ခရီးသည်များတင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး ဗုံးပေါက်ကွဲသဖြင့် လူလေးဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ရဲသတင်းရပ်ကွက်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံအရှေ့ပိုင်း ဟန်ကျိုးမြို့တွင် လက်ဖက်ခင်းအတွင်း၌ ရိုးရာတေးဂီတများ တီးခတ်ကာ လက်ဖက်ခူးပွဲတော် ကျင်းပနေသည်ကို မတ် ၂၂ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်နစ္စတန်၌ မိုးသည်းထန်စွာရွာသွန်း ကျေးရွာ အများအပြား ရေမြုပ်ပြီး ၁၇ဦး သေဆုံး

**ကဘူး မတ် ၂၄**

အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလျှံမှုဖြစ်ပွားခဲ့ရာ ကျေးရွာအများအပြား ရေမြုပ်ကုန်ကြသဖြင့် လူ ၁၇ဦးထက် မနည်းသေဆုံးခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင်ပြောကြားသည်။

အမျိုးသမီးကြီးများနှင့် ကလေးငယ်များအပါအဝင်လူ ၁၂ဦးသည် အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်းရှိ ဂေါ်ပြည်နယ်တွင် ဆီးနှင်းထုပြိုကျသဖြင့် တနင်္ဂနွေနေ့ကသေဆုံးခဲ့သည်ဟု ဒုတိယအုပ်ချုပ်ရေးမှူး အစ်ကရမ်မတ်ဒင်က ပြောကြားသည်။ ယင်းနိုင်ငံ၏ အနောက်ပိုင်းဒေသရှိ ဘတ်ဂီပြည်နယ်တွင် ရေလျှံမှုထပ်မံဖြစ်ပွားခဲ့သဖြင့် လူငါးဦး တနင်္ဂနွေနေ့တွင်သေဆုံးခဲ့သည်ဟု အခြားတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဟယ်လမန်မြစ်ရေကြီးမှုကြောင့် ယင်းပြည်နယ်မှ လူ ၁၀၀၀ခန့်ကို ရွှေ့ပြောင်းရန်အတွက် စီစဉ်ခဲ့ရသည်ဟုဆိုသည်။ မိုးသည်းထန်စွာရွာသွန်းသဖြင့် ရွှံ့ဖြင့်တည်ဆောက်သည့် အိုးအိမ်အများအပြားပျက်စီးသည်ဟု အာဖဂန်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ အာဖဂန်နိုင်ငံ ဒေသအများစုတွင် မိုးခေါင်ခဲ့သော်လည်း မကြာမီရက်အတွင်း ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းလာခြင်း ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***



**သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ရှိ ဥမင်လမ်းအတွင်း ယာဉ်တိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော ကားများကို မတ် ၂၃ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# မုန်းပေါက်ဒေသ၌ ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဘိန်းအစားထိုးစပါးစိုက်ပျိုးမှု ဧရိယာ ၇၈၅ ဟက်တာနှင့် စပါးစိုက်ပျိုးမှု ၂၁ ရာခိုင်နှုန်းတိုးတက်

**❐ ၂၀၀၆ ခုနှစ်မှ**

အဆိုပါ UNODC ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ၂၀၀၆ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ UNODC သည် မူးယစ်ဆေးဝါး ဝယ်လိုအားလျော့ကျစေရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လူမှုရေးကူညီထောက်ပံ့မှုစီမံချက်ဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

**UNODC ၏ ၂၀၀၆ ခုနှစ် ရွှေတြိဂံဒေသ ဘိန်းစစ်တမ်းအရ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၀၅ ခုနှစ်ထက် ၂၉ ရာခိုင်နှုန်းကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၉၈ ခုနှစ်က ဘိန်းစိုက်ပျိုးမှု ၁၃၀၃၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၂၁၅၀၀ ဟက်တာသာရှိတော့၍ ၈၃ရာခိုင်နှုန်း ကျဆင်းသွားသည်ကို တွေ့ရှိနိုင်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၂) "ဝ"ဒေသတွင် ဘိန်းကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်ခဲ့ကြောင်း၊ အဆိုပါရလဒ်သည် မြန်မာနိုင်ငံအစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်း ၁၉၉၉-၂၀၁၄ အရ ၂၀၀၅ ခုနှစ် ဇွန်လတွင် စတင်ခဲ့သော ဒုတိယကာလတို ငါးနှစ် စီမံကိန်းဖြင့် ဘိန်းကင်းမဲ့ဇုန်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့်ဖြစ်ကြောင်း။**

ဘိန်းစိုက်ပျိုးမှု သိသိသာသာ လျော့နည်းကျဆင်းသွားခြင်းကြောင့် ဒေသခံကျေးလက်ပြည်သူများ၏ ဘဝရပ်တည်မှု မထိခိုက်စေရေးအတွက် UNODC ကလည်း အကူအညီများပေးခဲ့ကြောင်း၊ UNODC အနေဖြင့် ကိုးကန့်ဒေသနှင့် "ဝ"ဒေသမှ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်ခဲ့သူ ဒေသခံပြည်သူ ထောင်ပေါင်းများစွာနှင့် ၎င်းတို့၏ မိသားစုများအတွက် အစားအသောက်၊ အခြေခံဝန်ဆောင်မှုနှင့် ပညာရေးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၆ခုနှစ်တွင် UNODC ၏ အဓိက ဆည်မြောင်းစီမံချက်ဖြစ်သော မြေ ၈၀ ဟက်တာကေအား ရေသွင်းစိုက်ပျိုးနိုင်သည့် ဟိုတောင်းမြို့နယ် နမ့်တူရေလွှဲဆည်ကဲ့သို့သော စီမံချက်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါစီမံချက်များက ဒေသခံစိုက်ပျိုးရေးသမားများ၏ လယ်ယာမြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း။

UNODC က "ဝ"ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို စောင့်ကြည့်လေ့လာခဲ့ကြောင်း၊ ၂၀၀၆ခုနှစ်အစောပိုင်း စစ်တမ်းများအရ မုန်းပေါက်ဒေသတွင် ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဘိန်းအစားထိုး စပါးစိုက်ပျိုးမှု ဧရိယာ ၇၈၅ ဟက်တာနှင့် စပါးစိုက်ပျိုးမှု ၂၁ ရာခိုင်နှုန်းတိုးတက်လာပြီး ၁၉၉၉ ခုနှစ်က လုံးဝမရှိခဲ့သော မြေနိမ့်စပါးစိုက်ပျိုးမှု ၄၂ရာခိုင်နှုန်းအထိ ရှိလာ၍ အနည်းဆုံး သီးနှံအသစ်တစ်မျိုးကို ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်စိုက်ပျိုးလာနိုင်သည်ကို တွေ့ရှိရကြောင်း။

**ဘိန်းစိုက်ပျိုးရာသီတွင် ပုံမှန်ပြုလုပ်သော ဘိန်းတိုက်ဖျက်ရေးစီမံချက်ကို ရှောင်လွှဲပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ရာသီမဟုတ်ဘဲ ဘိန်းစိုက်ပျိုးသော မြို့နယ် သုံးခုရှိကြောင်း သတင်းများထွက်လာသဖြင့် UNODC နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအေဂျင်စီတို့ ပူးပေါင်းပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် စစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့ကြောင်း၊ ၎င်းစစ်တမ်းအရ အဆိုပါ သတင်းထွက်သောဒေသများတွင် ဘိန်းစိုက်ပျိုးမှု အထောက်အထား လုံးဝမတွေ့ရှိရကြောင်း။**

UNODC သည် "ဝ"ဒေသ မုန်းပေါက်နှင့် ဝိန်းကောင်နယ်မြေတို့တွင် မူးယစ်ဆေးဝါးဝယ်လိုအား လျှော့ချရေးစီမံချက်ဖြင့် ကုသမှုများပြုလုပ်ပေးခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ် ဇူလိုင်လအတွင်း လူထောင်ပေါင်းများစွာ ဘိန်းဖြတ်ခဲ့ကြပြီး ၎င်းတို့၏မိသားစုများကိုပါ နှစ်သိမ့်ဆွေးနွေး ပညာပေးနိုင်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

## လူကုန်ကူးမှုတိုက်ဖျက်ရေး

UNODC သည် ၂၀၀၆ခုနှစ်တွင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများနှင့် ဆက်သွယ်အားဖြည့်ပြီး မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ရန်ကုန်မြို့တွင် အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပနိုင်ခဲ့ကြောင်း၊ အဆိုပါဆွေးနွေးပွဲမှ National Plan of Action ပေါ်ထွက်လာခဲ့ပြီး ပြည်ပသို့ လူကုန်ကူးမှုခံရသူ မြန်မာနိုင်ငံသားများအား အကူအညီနှင့် အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် UNODC ၏ အထောက်အပံ့ဖြင့် နယ်စပ်ဒေသ ဆက်ဆံရေးရုံးများ ဖွင့်လှစ်၍ ဒေသအာဏာပိုင်အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ **ဗန်းကောက်မြို့ အခြေစိုက်** UNODC **ဒေသဆိုင်ရာရုံး၊ မြန်မာနိုင်ငံ အခြေစိုက်** UNODC **ရုံးနှင့် မဟာမဲခေါင်ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအစီအစဉ်** UNIAP **တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နယ်စပ်ဒေသမှ ဝန်ထမ်းများအား လူကုန်ကူးမှုတိုက်ဖျက်ရေး ပညာပေးအစီအစဉ်များ ဆောင်ရွက်နိုင်ခဲ့ကြောင်းဖြင့်လည်း အဆိုပါ** UNODC**၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။**

## HIV/AIDS ရောဂါတိုက်ဖျက်ရေး

UNODC သည် မြန်မာနိုင်ငံအတွင်း HIV/AIDS နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတိုက်ဖျက်ရေး အေဂျင်စီတစ်ခုဖြစ်သည်နှင့်အညီ HIV/AIDS တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားရေးမဟာဗျူဟာ စီမံချက်တစ်ရပ် ရေးဆွဲဖော်ဆောင်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုစီမံချက်အရ မူးယစ်ဆေးထိုးသွင်းခြင်းဖြင့် HIV/AIDS ရောဂါကူးစက်မှုကို တိုက်ဖျက်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

**ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသား** AIDS **စီမံချက်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်** UNODC **နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအေဂျင်စီတို့သည်** HIV/AIDS **တိုက်ဖျက်ရေးတွင် တရားဥပဒေအရ ထိန်းသိမ်းရေးကဏ္ဍကိုလည်း အောင်မြင်စွာဆောင်ရွက်လျက်ရှိကြောင်း။**

မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော ကုသခြင်းနှင့် ဆေးဖြတ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် အကူအညီပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် လေ့ကျင့်ရေးဆိုင်ရာလုပ်ငန်းများကို သိန္နီမြို့နှင့် တာချီလိတ်မြို့တို့တွင် ဌာနနှစ်ခု ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါဌာနများသို့ ဒေသခံလူငယ်များ လာရောက်လေ့လာခြင်းဖြင့် လုပ်ငန်းတွင်ကျယ်လာပြီး လက်တွေ့နယ်ပယ်တွင် ကောင်းစွာလေ့ကျင့်ထားသော ဝန်ထမ်းများရရှိလာခဲ့ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လူငယ်ဌာနများ တွင်ကျယ်စွာ ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသခံပြည်သူများအား ထိရောက်စွာ ပညာပေးနိုင်ခဲ့ကြောင်း။

HIV/AIDS ကာကွယ်တားဆီးရေးစီမံချက်အရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ရဲအရာရှိသိပ္ပံတစ်ခု၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်း သုံးခုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တပ်ဖွဲ့နှစ်ခုတို့တွင် သင်တန်းများဖွင့်လှစ် ပို့ချပေးနိုင်ခဲ့ကြောင်းနှင့် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်း၌လည်း လေ့ကျင့်ပညာပေးမှုများ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း UNODC ၏ အဆိုပါ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။ (သတင်းစဉ်)

**ဘိန်းစိုက်ပျိုးရာသီတွင် ပုံမှန်ပြုလုပ်သော ဘိန်းတိုက်ဖျက်ရေး စီမံချက်ကို ရှောင်လွှဲပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ရာသီမဟုတ်ဘဲ ဘိန်းစိုက်ပျိုးသော မြို့နယ်သုံးခုရှိကြောင်း သတင်းများထွက်လာသဖြင့် UNODC နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အေဂျင်စီတို့ ပူးပေါင်းပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် စစ်တမ်းကောက်ယူမှုပြုလုပ်ခဲ့ကြောင်း၊ ၎င်းစစ်တမ်းအရ အဆိုပါသတင်းထွက်သော ဒေသများတွင် ဘိန်းစိုက်ပျိုးမှု အထောက်အထား လုံးဝမတွေ့ရှိရကြောင်း။**

# သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာအခြေခံသင်တန်း အမှတ်စဉ်(၃) ဖွင့်လှစ်ပို့ချမည်

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့လယ်ယာ ထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးတို့ ပူးပေါင်းစီစဉ်မှုဖြင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာ အခြေခံသင်တန်း အမှတ်စဉ်(၃)ကို ဧပြီ ၃ ရက်မှ ၉ ရက်အထိ တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ရေအေးကွင်းရပ်၌ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

### သင်ကြားပို့ချ

အဆိုပါ သင်တန်း၌ သရက်၊ လိမ္မော်၊ နာနတ်၊ ငှက်ပျော၊ ခရမ်းချဉ်နှင့် အာလူး စသည့် သီးနှံများ၏ စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် ဈေးကွက်တင်ပို့ရောင်းချမှု နည်းပညာများကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

ယင်းသို့ ဖွင့်လှစ်ရာတွင် သင်တန်းသား ၇၀ တို့အား လက်ခံပို့ချပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် မတ် ၃၁ရက် နောက်ဆုံးထား၍ ရှမ်းပြည်နယ် (တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး မြို့မဈေးတောင်ကြီးမြို့ ဖုန်း ၀၈၁-၂၄၈၉၆၊ ၂၄၈၉၅၊ ပြည်နယ်မန်နေဂျာရုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တောင်ကြီးမြို့ ဖုန်း ၀၈၁-၂၁၁၈၃၊ ၂၁၆၂၇ ဦးအောင်ကျော်ညွှန့် ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း အောင်နွယ်ပွဲရုံ (ရပ်စောက်) ဗိုလ်ချုပ်လမ်း ဇော်ဂျီရပ်ကွက် ရပ်စောက်မြို့၊ ဖုန်း ၀၉၅၁၉၆၇၂၇၊ ၀၈၁-၄၀၁၆၇၊ ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖုန်း ၀၈၁-၄၀၀၆၈၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ် (၂၆၂/၂၆၄) ပြည်လမ်း ဒဂုန်စင်တာ Block (A), 6th Floor ဖုန်း-၅၀၃၅၁၆ မှ ၅၀၃၅၁၉ အထိ လိုင်းခွဲ(၁၁၃)၊ ဖက်စ် ၅၁၆၆၁၆၊ အီးမေးလ်- DAGON @mptmail. net.mm တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက် ထုတ်လုပ်မှု ကြည့်ရှုလေ့လာ

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနသည် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန (ASEAN Center for energy-ACE)၊ ဂျပန်နိုင်ငံ စွမ်းအင်စီးပွားရေးသိပ္ပံ (Institute of energy Economic Japan-IEEJ)နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ ပူးပေါင်း၍ တတိယအကြိမ်မြောက် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် စွမ်းအင် ခြိုးခြံချွေတာရေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲကို မတ် ၁၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ တာဝန်ရှိသူများ၊ အာဆီယံ စွမ်းအင်ဆိုင်ရာ ဗဟိုဌာန အမှုဆောင် ဒါရိုက်တာ Dr. Weenawat Chantanokome၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ Ms. Rabiah A 1 Adawiyah နှင့် အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### မောင်းနှင်ပြသ

ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံမှ ၂၀၀၆ခုနှစ် အာဆီယံ အစားထိုးစွမ်းအင်ဆုတံဆိပ်ရရှိခဲ့သော လှိုင်သာယာ စက်မှုဇုန်ရှိ မြန်မာတီထွင်သူများ သမဝါယမအသင်း လီမိတက် (MICS) ၏ စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ပြုလုပ်သည့် စက်ရုံသို့ သွားရောက် ကြည့်ရှုလေ့လာကြရာ ဥက္ကဋ္ဌ ဦးစိုးတင့်အောင်က စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက် ထုတ်လုပ်မှု အဆင့်ဆင့်နှင့် အသုံးချမှုများကို ရှင်းလင်းပြောကြားပြီး လက်တွေ့ မောင်းနှင်ပြသကြောင်း သိရသည်။

**(အောက်ပုံ)** (အင်ဂျင်နီယာအသင်း)



# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၆-၃-၂၀၀၇ (တနင်္လာနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၂၅ | ၄။ | ကြည်နူးနားဆင်ပြုံးပျော်ရွှင် |
| ၄:၃၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၇။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅:၃၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၃၄)** |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | မေးမြန်းစူးစမ်း |
| | ၁၈။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ | **(၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း "အဖေတူသား" အပိုင်း(၄) (ဇာတ်သိမ်းပိုင်း)** အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီလူမင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ နေမျိုးအောင်၊ အကယ်ဒမီနန္ဒာလှိုင်၊ အကယ်ဒမီမေသဥ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ သက်မွန်မြင့်၊ (ဒါရိုက်တာအကယ်ဒမီပန်းချီစိုးမိုး) |
| | ၂၀။ | သင့်အတွက်မနက်ဖြန် |
| | ၂၁။ | အပိတ်နှုတ်ဆက်စကား |
| | ၂၂။ | ပြီးပါပြီ။ |

( ၆၂ )နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

# စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြမည်

ကြည်ဝင်းညွန့်

**ရဲဘော်တို့ဟာ နိုင်ငံတော်ကို ပြည်သူနဲ့ လက်တွဲတည်ဆောက်တဲ့နည်းတူ ဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတော်ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒို့တပ်မတော်ကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား ဦးအောင်ဇေယျ ဘုရင်မင်းမြတ်တို့ တည်ထောင်ခဲ့တဲ့ ထက်မြက်သော တပ်မတော်များရဲ့ လက်ဆင့်ကမ်းအမွေကို ခံယူလျက် ပိုမိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်ကြီးအဖြစ် တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြရမယ်။**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

နှစ်(၆၀)ပြည့် တပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော်ကို ဦးဆောင်ဦးရွက် ပြုနေသော တပ်မတော်သည် အမျိုးသားနိုင်ငံရေးကို အစဉ်ရှေးရှု ဆောင်ရွက်ခဲ့သော မျိုးချစ်တပ်မတော်ဖြစ်သည်။ ရင်းမြစ်သန္ဓေတည်စဉ်ကတည်းကစ၍ ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရရှိစေရန် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းခဲ့သော သမိုင်းအစဉ်အလာရှိခဲ့သည်။ သူတစ်ပါး ဩဇာခံဘဝမှ ကိုယ်ပိုင်ဂုဏ်ထူး ဝိသေသရှိသည့် တပ်မတော်အဖြစ် တည်ထောင် တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

အမျိုးသားနိုင်ငံရေး ရည်မှန်းချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်အရ ကြိုးပမ်းတည်ထောင်ခဲ့သည့် တပ်မတော်တွင် မျိုးချစ်လူငယ်လူရွယ် အမြောက်အမြား ပါဝင်ခဲ့ကြသည်။ အမျိုး၊ ဘာသာ၊ သာသနာအတွက် အသက်ကို စွန့်လှူရန် အဓိဋ္ဌာန်ပြုပြီး စုစည်းမိခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ် ထက်သန်မှုကြောင့် အမိန့်ထုတ်ပြန် ဆင့်ခေါ်ခြင်း မပြုရဘဲ တပ်မတော်ထဲသို့ ပင်ကိုဆန္ဒဖြင့် ဝင်ရောက်လာခဲ့ကြသူများဖြစ်သည်။ အခွင့်အရေး တစ်စုံတစ်ရာမျှ မျှော်လင့်စရာမရှိသည့်အပြင် အသက်ဘေးအန္တရာယ်နှင့် မလွဲမသွေ ရင်ဆိုင်ရမည့် အခြေအနေမျိုးတွင် မိဘ၊ ဇနီးမယားနှင့် သမီးသားများကိုခွဲခွာပြီး စစ်မြေပြင်သို့ လိုက်ပါခဲ့ကြသည်။

ရဟန်းရှင်လူ ပြည်သူအပေါင်းမှာ တပ်မတော်နှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိကြသည်။ တပ်မတော်ကြီးကို အစစအရာရာ အကူအညီပေးခဲ့ကြသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့် ခံယူချက်ကို ခိုင်ခိုင်မာမာ ယုံကြည်စွဲကိုင်ထားကြသည်။ တပ်မတော်သည် ပြည်သူ၊ ပြည်သူသည် တပ်မတော်ပင်ဖြစ်ပေသည်။

**သမိုင်းတွင် မော်ကွန်းတင် ထင်ရှားသည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ဆောင်းနှောင်းကာလ တပေါင်းလ နွေဦးတွင် စတင်ဆင်နွှဲခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့၌ တိုင်းရင်းသားပြည်သူတို့သည် တပ်မတော်နှင့်အတူ ဖက်ဆစ်တော်လှန်ရေးကြီးကို ပူးပေါင်းဆင်နွှဲခဲ့ကြသည်။ လူအင်အား၊ လက်နက်အင်အား သာလွန်သော ဖက်ဆစ်တို့နှင့် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ရာ အောင်ပွဲအလီလီ ရရှိခဲ့ကြသည်။ ယင်းသို့ နိုင်ငံနှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးအတွက် သက်စွန့်ကြိုးပမ်း တိုက်ပွဲဝင်ခဲ့သည့် တပ်မတော်နှင့်ပြည်သူတို့၏ အောင်မြင်မှုများကို အစဉ်သတိရ ဂုဏ်ပြုလျက်ရှိကြသည်။ နှစ်စဉ် မတ်လ ၂၇ ရက်နေ့သို့ ရောက်ရှိတိုင်း အမွန်အမြတ် မှတ်တမ်းတင်ထားရသော တပ်မတော်နေ့ ဂုဏ်ပြုစစ်ရေးပြအခမ်းအနားများကို ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိသည်။**

## တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်



တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပပုံများသည် နှစ်စဉ် မြင်တွေ့နေကျမြင်ကွင်း၊ ကြားနေကျ စစ်သီချင်းသံများပင် ဖြစ်သော်လည်း မြင်ရသည်မှာ ရိုးသည်ဟူ၍မရှိ၊ ကြားရသည်မှာ အီသွားသည်ဟူ၍ မခံစားမိ။ တပ်မတော်သား စစ်သည်များ၏ ညီညာသောခြေလှမ်း၊ တက်ကြွအားမာန်ပါသော လှုပ်ရှားဟန်များနှင့် စစ်သီချင်းသံများက ကြားရသူအပေါင်း၏ ရင်ကို လှုပ်ခတ်နိုးကြားစေသည်။ ရဲစိတ်ရဲမာန်၊ ဇာတိသွေး ဇာတိမာန် တက်ကြွစေပါသည်။

**...ဒါ ဒို့တိုင်း ဒို့ပြည် ဒို့ကာကွယ်မည်... ထူးမြတ်တဲ့ ဒို့တိုင်းပြည် တိုင်းရင်းသား ငါတို့လူမျိုး ပိုင်ရမည်... လွတ်လပ်တဲ့ ဒို့တိုင်းပြည် ငါတို့ရဲ့ ခြသေ့်စိတ်ထားတည်ရမည်... အာဇာနည် ရဲမက်တွေသည် ဖွဲ့နဲ့တိုက်မည် မြန်မာတွေ နိုးကြားလာပြီ အမျိုးသားစစ်သည် သေပစေ ရဲတဲ့ဇာနည် ဖွဲ့နဲ့တိုက်မည် ခိုက်မည်... တပ်မတော်ကြီးလည်း ချီလာပါပြီ...အောင်တပ်မတော်ကြီးလည်း ချီလာပါပြီ...မြန်မာအာဇာနည် ကမ္ဘာမှာတာရှည် ခိုင်မာအောင်သာ ငါတို့ကြိုးဆောင်မည် အောင်ပြီ...**

စစ်ချီတေးများ၏ အနှစ်သာရသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေသော တပ်မတော်၏ အစဉ်အလာကို ညွှန်းဆိုနေပေသည်။ မြန်မာ့တပ်မတော်၏ သမိုင်းသည် ထာဝစဉ် မော်ကွန်းတင် ထင်ရှားလျက်ရှိသည်။

တပ်မတော်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ရာတွင် BIA ခေါ် လွတ်လပ်ရေးတပ်မတော်၊ BDA ခေါ် ကာကွယ်ရေး တပ်မတော်၊ မျိုးချစ်တပ်မတော် စသည့် အမည်အမျိုးမျိုးဖြင့် ခေတ်အလိုက် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်။

**တပ်မတော်၏ ရဲစွမ်းသတ္တိ၊ စစ်ရေးစွမ်းရည်၊ မျိုးချစ်စိတ် ထက်သန်ပြည့်ဝမှုတို့နှင့်အတူ တိုင်းရင်းသား ပြည်သူအားလုံး၏ ပေါင်းစည်းညီညွတ်မှုတို့ဖြင့် ကြိုးပမ်းခဲ့ရာ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။**

**တပ်မတော်သည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီး နောက်ပိုင်းတွင်လည်း အသက်၊ သွေး၊ ချွေးများစွာရင်းနှီး၍ နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။**

၁၉၄၈–၄၉ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်ကို တွန်းလှန်တိုက်ခိုက်ဖယ်ရှား၍ နိုင်ငံတော် အေးချမ်းသာယာစေရန် ကာကွယ်ခဲ့ရသည်။ ယင်းသို့ တိုက်ပွဲအလီလီ အောင်ပွဲဆင်နိုင်ခဲ့ခြင်းသည် တပ်မတော်၏ နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေး ကာကွယ်လိုသော မြင့်မြတ်သည့် စိတ်ထားကြောင့်ပင်ဖြစ်သည်။

သမိုင်းစဉ်တစ်လျှောက် တပ်မတော်သည် နိုင်ငံတော်တွင် အရေးကြုံလာတိုင်း ပြည်သူများ၏ရှေ့မှ မားမားမတ်မတ် ရပ်တည်ကာကွယ်လာခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် **စာမျက်နှာ ၇ ကော်လံ ၁သို့**

**တပ်မတော်သား စစ်သည်များသည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံမှုဟူသည့် အခြေခံအရည်အချင်း ငါးပါးနှင့်ပြည့်စုံနေကြသူများဖြစ်ရာ နိုင်ငံတော်၏ မြေပြင်ပိုင်နက်၊ ရေပြင် ပိုင်နက်နှင့် ဝေဟင်ပိုင်နက်များကို တစ်လက်မမျှ ကျူးကျော်ခြင်းမခံရအောင် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။**

## တပ်မတော်သားတို့ရဲ့ ပုံရိပ်

★ ကြည်း၊ ရေ၊ လေ ပြည်ချစ်သားတွေက
မငြီးပေ ခရီးရှည် စေရာသွားပါလို့
ပြည်တစ်လွှား ဝန်ထမ်းနေ။
လေးသစ္စာ သွေးသောက်ပေမို့
ဘေးဖြစ်မှာ တွေးမကြောက်ပါဘု
မနေ့ရောက်လာတဲ့ ရန်စွယ်အပေါင်း
လှန်ပယ်ထောင်းချေ။
မမောစတမ်းပေ
တောလမ်းတွေ ခြေရာဖြန့်၊
မလွှဲစတမ်းပေ
အကဲစမ်းဖွေ အဏ္ဏဝါဆန့်၊
မကြောက်စတမ်းပေ
ထောက်လှမ်းနေ ဝေဟင်အနှံ့။
လာမထိလေနဲ့
ဇာတိအခြေခိုင်သမို့
မသွေမယိုင် ဒို့သတ္တိ
တိုင်းသိပတ်လွှံ့။

★ မြန်ပြည်သူ မြန်ပြည်သားရယ်က
စံနမူယူဖွယ် များပါပေ့
အဖြူထည်စိတ်ထား တပ်အပေါ်ဝယ်။
မခြား မယွင်းပါဘု
သားအရင်းပုံနှယ်။
လူသူလှမ်း နေရာတစ်လျှောက်
မပြူစုတမ်း ခြေရာကောက်ပါလို့
အသေအချာ အရောက်ပို့ဆောင်တယ်
ဒို့နောင်မယ်တို့ မေတ္တာတရား
မချို့အောင်ဆောင်ပို့ ချစ်သဒ္ဒါများ။
ပန်းပမာ မွှေးအီလို့
စမ်းပမာ အေးကြည်အောင်
တွေးရည်ဆောင် ဒီအချစ်တွေက
ဒို့ စစ်သည်"အား"။

★ "ပြည်သူ" သည် "တပ်"
"တပ်" ဟူသည် "ပြည်သူ"
ထပ်တူညီတူ
ကြည်ဖြူမှုတရားတွေနဲ့
ရည်တူပြု ပွားပါလို့
ညီတူမှု "အား"ရယ်က
တစ်သားတည်း "မူ"
ပြည်သူက တံတိုင်းသဏ္ဍာန်တူ
ရန်ဟူသမျှ "ဒိုင်း"လိုတား။
တပ်မတော်သားရယ်က
မြတ်အဖော် မြန်နယ်သားတွေအတွက်
ဟော့- ရန်ဖယ်ရှားမယ့်"ဓား"။ ။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်

**မျိုးမြတ်မြတ်မြင့်မောင်**

## (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။
၃။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။




## (၆၂)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

### တပ်မတော်စစ်သမိုင်းပြတိုက်
### ရွှေတိဂုံဘုရားလမ်း
### (၂၆-၃-၂၀၀၇) မှ (၄-၄-၂၀၀၇)

**မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်**

**စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

နိုင်ငံရေးအကျပ်အတည်းနှင့် တွေ့ကြုံရစဉ်က တစ်ကြိမ်၊ ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော် ပြိုကွဲပျက်စီးမည့်အရေးနှင့် တွေ့ကြုံရစဉ်က တစ်ကြိမ်၊ ၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်းဖြစ်ပွားပြီး မင်းမဲ့စရိုက်များ ဖြစ်ပေါ်လာချိန်ကတစ်ကြိမ် နိုင်ငံတော်ကို အကြိမ်ကြိမ် ကာကွယ်စောင့်ရှောက်ခဲ့ရသည်။

ပြည်ပ ပယောဂများ၏ ပူးကပ်မှုနှင့် အချိန်ကိုက် တိုက်ခိုက်လာသည့် သောင်းကျန်းသူများကို ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင် ချေမှုန်းအောင်မြင်ခဲ့သည်။

**တပ်မတော်သားများသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်ကိုစွန့်လွှတ်ရန် သစ္စာပြုထားကြသူများပီပီ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုကို အစဉ်အမြဲ ကာကွယ်စောင့်ရှောက်လျက်ရှိကြသည်။**

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများသည် နယ်ပယ်ကဏ္ဍ အားလုံးကိုလွှမ်းမိုးကြီးစိုးလျက်ရှိသည်။ ခေတ်သစ်စစ်ပွဲများသည်ပင်လျှင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ယှဉ်ပြိုင်တိုက်ခိုက်မှုများ ဖြစ်နေသည်။ စစ်ဘက်သိပ္ပံနှင့် နည်းပညာရပ်များလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်ဆန်းသစ်လျက်ရှိရာ နိုင်ငံတော်အတွက် ခေတ်မီတပ်မတော်တစ်ရပ်သည် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။

ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်၏ဂုဏ်ဒြပ်နှင့်အညီ အဘက်ဘက်က အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တည်ဆောက်နေခြင်းဖြစ်သည်။

တပ်မတော်သားစစ်သည်များသည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံမှုဟူသည့် အခြေခံအရည်အချင်း ငါးပါးနှင့်ပြည့်စုံနေကြသူများဖြစ်ရာ နိုင်ငံတော်၏ မြေပြင်ပိုင်နက်၊ ရေပြင်ပိုင်နက်နှင့် ဝေဟင်ပိုင်နက်များကို တစ်လက်မမျှ ကျူးကျော်ခြင်းမခံရအောင် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

**နိုင်ငံတော်အတွက် နိုင်ငံသားတို့၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အထူးအရေးကြီးသည်။ မျိုးချစ်စိတ်ဓာတ်သည် အမျိုးသားနိုင်ငံရေး၊ အမျိုးသားစီးပွားရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတို့ကို မြင့်မားစေနိုင်သည့် သတ္တိရှိသည်။ တပ်မတော်က နိုင်ငံတော်ကို စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်နေသည်မှာလည်း မိမိနိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်၊ မိမိလူမျိုးကို တန်ဖိုးထားသည့် မျိုးချစ်စိတ်ဓာတ်အရင်းခံ အကြောင်းတရားတို့ကြောင့် ဖြစ်သည်။**

နိုင်ငံကိုချစ်စိတ်ဖြင့် ထာဝစဉ် ကာကွယ်စောင့်ရှောက်နေသော တပ်မတော်သားတို့၏ အစဉ်အလာကား ကြီးမားပေစွ။ တိုင်းပြည်အတွက်မြင့်မြတ်သောနှလုံးသားဖြင့် အလုပ်အကျွေးပြုနေသော တပ်မတော်သားတို့၏ ဂုဏ်ဒြပ်ကား ခံ့ညားပေစွ။

တပ်မတော်က နိုင်ငံတော်နှင့်ပြည်သူကို အလုပ်အကျွေးပြု ကာကွယ်စောင့်ရှောက်လာခဲ့ကြသည်မှာ မှတ်မိသမျှ ကျွန်တော်တို့၏ ဖခင်များ လက်ထက်ကတည်းကပင်ဖြစ်သည်။ ကျွန်တော်တို့၏ လက်ထက်တွင်လည်း ထိုတာဝန်ကို ဆက်လက်ထမ်းရွက်လျက်ရှိသည်။ နောင် သား၊ သမီး၊ မြေး၊ မြစ်များ လက်ထက်တွင်လည်း လက်ဆင့်ကမ်း သယ်ပိုးထမ်းရွက်ကြရပေဦးမည်။

သို့ဖြစ်ရာ ပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသော တပ်မတော်သားများသည် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုစိတ်ပြင်းပြသူများ၊ ဇွဲလုံ့လဝီရိယကြီးမားပြီး အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားနိုင်သည့် စွမ်းရည်ရှိသူများဖြစ်ကြရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်၏ဂုဏ်ဒြပ်နှင့်အညီ ဖွဲ့စည်းထားသည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်ဖြင့် နိုင်ငံတော်ကို အစဉ်ထာဝရကာကွယ်စောင့်ရှောက်သွားနိုင်ကြမည်ဟု အလေးအနက်ယုံကြည်ကြောင်း (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။



## ဖြတ်သန်းကြည့်ရှု

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ ကျောင်းကုန်း-ဆိပ်ကြီး ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစဉ်။** (သတင်းစဉ်)

* ရှေ့ဖုံးမှ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က ကျောင်းကုန်း-ဆိပ်ကြီး လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်သည်။

### ပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းထံ ညွှန်ကြားရေးမှူးဦးကြီးမြင့်က လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်သည်။

ထို့နောက် သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးနှင့် သန်လျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းတို့ထံ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က ဖွင့်ပွဲ အထိမ်းအမှတ် အလံများကို ပေးအပ်သည်။

### ဖွင့်လှစ်ပေး

ယင်းနောက် မင်္ဂလာအချိန်တွင် သန်လျင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က ကျောင်းကုန်း-ဆိပ်ကြီး ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက လမ်းမှန်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်အဖွဲ့ဝင်များသည် ကျောင်းကုန်း-ဆိပ်ကြီး ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျောင်းကုန်း-ဆိပ်ကြီး ကတ္တရာလမ်းသစ်မှာ နှစ်မိုင်သုံးဖာလုံရှည်ပြီး လမ်းအကျယ်မှာ ၁၂ ပေဖြစ်သည်။

အဆိုပါလမ်းကို ဖွင့်လှစ်ပေးခြင်းဖြင့် သီလဝါဆိပ်ကမ်း၊ သန်လျင်တပ်နယ်နှင့် ဗိုလ်ချုပ်ကျေးရွာမှ ပြည်သူများ သန်လျင်မြို့တွင်းသို့ လွယ်ကူချောမွေ့စွာ ဆက်သွယ်လာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြင့်သန်လျင်-သုံးခွ-ခရမ်းလမ်းအတိုင်း ထွက်ခွာလာကြရာ သုံးခွမြို့အဝင် မိုင်တိုင် အမှတ် (၄၉/၁)အနီးရှိ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုး ကြက်ဆူပင် ပျိုးခင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူဧက ၁၀၀မျိုးစေ့ချပွဲသို့ ရောက်ရှိကြသည်။

### စိုက်ပျိုးပေး

မျိုးစေ့ချပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းတို့က ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများအား ပျိုးအိတ်အတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများက ခြံစည်းရိုးကြက်ဆူ မျိုးစေ့များနှင့်ပျိုးကိုင်းများအား ပျိုးအိတ်အတွင်း ထည့်သွင်း စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့သည် အောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပျိုးပင်ပေါက်များအား လှည့်လည်ကြည့်ရှု အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

### ဖြန့်ဖြူးသွားမည်

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရန် လျာထားဧကမှာ ၃၇၅၀ ဧကဖြစ်၍ ယခင်နှစ်က ၇၇၅ ဒသမ ၂၂ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပြီး ဧကမှာ ၁၈၄၂ ဧက ဖြစ်သည်။ ယခုဧက ၁၀၀ ဇဟိုပျိုးကိုင်းဥယျာဉ်မှ ခြံစည်းရိုးကြက်ဆူပင်များကို ဆုံလည်စနစ်ဖြင့် စဉ်ဆက်မပြတ် စိုက်ပျိုးသွားပြီး မြို့နယ်အတွင်းရှိ လိုအပ်သော နေရာများသို့ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက်ဖ၃နာရီခွဲတွင် ခရမ်းမြို့နယ် ဒေးပေါက်စံပြကျေးရွာ၌ ကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သဘာဝအတိုင်း ထွက်ရှိသော ဓာတ်ငွေ့ အသုံးပြုကျေးရွာ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းဖွင့်ပွဲအခမ်းနားသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အခမ်းအနား ပထမပိုင်းကို မှန်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ရန်ကုန်တိုင်း ပြန်ပြည့်မြစ်ဝှမ်းအင် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း နည်းပညာကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသောင်းဝင်းတို့က မှန်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက "သဘာဝဓာတ်ငွေ့ဖြင့် ကျေးရွာများမီးလင်းပြီ" ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သော ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရှိ ဒေးပေါက်စံပြကျေးရွာ၊ ဒေါ်ပုံစုကျေးရွာ၊ ရွှေဘိုစု ကျေးရွာနှင့် ဝွေးပင်ချောင်ကျေးရွာများ၏သဘာဝအတိုင်း ထွက်ရှိနေသည့် ဓာတ်ငွေ့အသုံးပြု၍ ကျေးရွာ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း ဖွင့်ပွဲ အခမ်းအနားကို ဒေးပေါက် စံပြကျေးရွာ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း ပြန်ပြည့်မြစ်ဝှမ်းအင် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း နည်းပညာကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသောင်းဝင်းက သဘာဝဓာတ်ငွေ့ အသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သဘာဝဓာတ်ငွေ့မထွက်သည့်ကျေးရွာများတွင် စပါးခွံ ဓာတ်ငွေ့အသုံးပြုပြီး လျှပ်စစ်မီးရရှိရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရန်၊ ယခု ထွက်ရှိအသုံးပြုနေသည့် သဘာဝဓာတ်ငွေ့ကို လုံခြုံစိတ်ချစွာသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ ယခုထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကို ပရက်ရှာအိုးများတွင် ဖိနှိပ်ထည့်သွင်းပြီး ပိုမိုကြာရှည် အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်တို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ကျေးလက် မီးလင်းရေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အလှူငွေကျပ်သိန်း ၃၀၀ ကို ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များ ဖြစ်ကြသော Golden Lion ကုမ္ပဏီက ငွေကျပ် ၂၂သိန်း၊ Kol Global ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ ဒေးပေါက် စံပြကျေးရွာမှ ဓာတ်ငွေ့တွင်းတူးဖော်သူ ၂၂ဦးတို့က ငွေကျပ်သိန်း ၃၀၊ ဒေါ်ပုံစု ကျေးရွာမှ ဓာတ်ငွေ့တူးဖော်သူ သုံးဦးတို့က ငွေကျပ် သုံးသိန်း၊ ရွှေဘိုစုကျေးရွာမှ ဓာတ်ငွေ့တွင်းတူးဖော်သူနှစ်ဦးတို့က ငွေကျပ် နှစ်သိန်းတို့နှင့်ဝွေးပင်ချောင်၊ ကျေးရွာမှ ဓာတ်ငွေ့တွင်းတူးဖော်သူ ၁၀ဦးတို့က ငွေကျပ် ၁၀သိန်းတို့ကို ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှသောင်းသို့ ပေးအပ်လှူဒါန်းကြသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဒေးပေါက်စံပြကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးခန်းအတွက် ငွေကျပ် ၁၀သိန်းကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့ ပေးအပ်လှူဒါန်းသည်။

ယနေ့ လှူဒါန်းငွေစုစုပေါင်းမှာ ကျေးလက်မီးလင်းရေးအတွက်လှူဒါန်းငွေကျပ် ၃၇၂ သိန်းနှင့် ဒေးပေါက်စံပြကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးခန်းသို့ လှူဒါန်းငွေကျပ် ၁၀သိန်း ဖြစ်သည်။

ထို့နောက် ကျေးရွာပြည်သူများကိုယ်စား ဦးတင်ကြည်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဖြန့်ခွဲဓာတ်အားပေးယူနစ် အမှတ်-၁၁(၁)တွင်သဘာဝဓာတ်ငွေ့ဖြင့်မြင်းကောင်ရေ ၁၀ကောင်အား အင်ဂျင်ကို လည်ပတ်စေပြီး 3KW ဒိုင်နမိုဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူကာ အိမ်ခြေ ၅၄အိမ်နှင့် လမ်းမီး ၁၆ခုတို့အား ဓာတ်အားပေးမှုနှင့် ဓာတ်ငွေ့လှောင်ကန်၊ ဓာတ်ငွေ့တွင်းတို့အား လည်းကောင်း၊ ဖြန့်ခွဲဓာတ်အားပေး ယူနစ် အမှတ်-၁၁(၂)တွင် သဘာဝဓာတ်ငွေ့ဖြင့် မြင်းကောင်ရေ ၁၀ကောင်အား အင်ဂျင်ကို လည်ပတ်စေပြီး၊ 3KW ဒိုင်နမိုဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူကာ အိမ်ခြေ ၅၃အိမ်နှင့် လမ်းမီး ၁၂ခုတို့အား လျှပ်စစ်ဓာတ်အားပေးမှုနှင့် ဓာတ်ငွေ့လှောင်ကန်၊ ဓာတ်ငွေ့တွင်းတို့အားလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကျေးရွာလေးရွာတွင် သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရာတွင် ဒေးပေါက်စံပြကျေးရွာရှိ ဓာတ်ငွေ့တွင်း ၂၉တွင်းရှိ ဓာတ်အားပေးယူနစ် ၁၂ခုမှ ထွက်ရှိသော ဓာတ်အား 36KWကို အိမ်မီးနှစ်ပေ မီးချောင်း ၅၂၆ချောင်း၊တီဗွီ ၁၂လုံး၊ လမ်းမီးနှစ်ပေ မီးချောင်း ၁၄၇ချောင်းသို့လည်းကောင်း၊ ဒေါ်ပုံစုကျေးရွာတွင် ဓာတ်ငွေ့တွင်း သုံးတွင်းရှိ ဓာတ်အားပေးယူနစ်တစ်ခုမှ ထွက်ရှိသော ဓာတ်အား ၇ ဒသမ ၅ကို အိမ်မီး နှစ်ပေ မီးချောင်း ၆၂ချောင်း၊ တီဗွီနှစ်လုံး၊ လမ်းမီးနှစ်ပေ မီးချောင်း၂၂ချောင်းသို့လည်းကောင်း၊ ဝွေးပင်ချောင် ကျေးရွာတွင် သဘာဝဓာတ်ငွေ့တွင်း ၁၀တွင်းရှိ ဓာတ်အားပေးယူနစ်ငါးခုမှ ထွက်ရှိသော ဓာတ်အား 15 KW ကို အိမ်မီး နှစ်ပေ မီးချောင်း ၂၂၀၊ တီဗွီငါးလုံး၊ လမ်းမီး နှစ်ပေ မီးချောင်း ၆၅ချောင်းသို့လည်းကောင်း၊ ရွှေဘိုစုကျေးရွာတွင် သဘာဝဓာတ်ငွေ့တွင်း နှစ်တွင်းရှိ ဓာတ်အားပေးယူနစ်တစ်ခုမှ ထွက်ရှိသော ဓာတ်အား 3KWကို အိမ်မီးနှစ်ပေ မီးချောင်းခုနစ်ချောင်း၊ တီဗွီတစ်လုံး၊ လမ်းမီးနှစ်ပေမီးချောင်း ၁၅တို့သို့ဖြန့်ဝေသုံးစွဲလျက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာတစ်ရွာတွင် ထုတ်ကုန်တစ်မျိုးထုတ်နိုင်ရေးအတွက် ညပိုင်းတွင် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး နေ့ပိုင်းတွင် အသေးစား စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်မီးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ခွဲ သာသနာ့ဇောတိက မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိပြီး မန္တလေးမစိုးရိမ်တိုက်သစ် ဒုတိယမဟာနာယက ဆရာတော် ဘဒ္ဒန္တ ကေသရာ ဘိဝံသအား ဖူးမြော်ကြည်ညိုပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### တရားနာယူ

ထို့နောက် ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နှင့်အဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ကွမ်းမိုးဒိန်းစံပြကျေးရွာ ကျေးလက်ဆေးပေးခန်းအတွက် အလှူငွေကျပ် ၁၀သိန်းကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်ထံ ပေးအပ် လှူဒါန်းကာ ဆရာတော်ထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြသည်။

### ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် သုံးခွမြို့နယ် တကောရေထိန်းတံခါး စီမံကိန်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက တကောရေထိန်းတံခါး တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ရန်ကုန်မြို့တော်မိုင် ၃၀ ပတ်ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် စီမံကိန်းချမှတ်ဆောင်ရွက်သည့်၊ ရေရရှိရေးလုပ်ငန်းများဖြစ်သည့် ဆည်နှင့် ရေလှောင်တမံများ တည်ဆောက်ရေးကို မူလရည်မှန်းချက်အတိုင်း ပြည့်မီစွာ ဆောင်ရွက်ရေး၊ ဆက်စပ်တည်ဆောက်ရမည့် ရေထုတ်မြောင်း၊ ရေတံခါးများကို ဟန်ချက်ညီညီ ပြီးစီးအောင်ဆောင်ရွက်ရေး၊ သန်လျင်မြို့နယ်အတွင်း လျှပ်စစ်ရေတင်လုပ်ငန်းဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကိုပါ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တကောရေထိန်းတံခါးကို စက်ယန္တရားများဖြင့် တည်ဆောက်နေမှုကို ရှုရပ်မှကြည့်ရှုစစ်ဆေးသည်။

### ၅၀ ရာခိုင်နှုန်းပြီးစီး

အဆိုပါ တကောရေထိန်းတံခါးမှာ သုံးခွမြို့နယ် တကောကျေးရွာအနီး တကောချောင်းပေါ်တွင် တည်ဆောက် ထားခြင်းဖြစ်ပြီး ကွန်ကရစ်ရေတံခါးဖြစ်သည်။ ရေတံခါး အရွယ်အစားမှာ ၆ ပေ x ၁၆ပေ တံခါး ၂၂ပေါက်ရှိပြီး ယခုအခါ လုပ်ငန်း၏ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ရေတံခါးပြီးစီးပါက သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်များတွင် မိုးရာသီတွင် ကုန်းအတွင်း ဒီရေမဝင်ရောက်စေရန်နှင့် ကုန်းတွင်း ပိုလျှံရေများ ထုတ်နုတ်ပေးနိုင်ရန်၊ မိုးနှောင်းကာလတွင် ရေချို သိုလှောင်ပြီး မိုစပါး အောင်ရေဖြည့်တင်းပေးနိုင်ရန်၊ နွေရာသီတွင် ဆောင်းသီးနှံနှင့် နွေစပါးများ ပိုမိုစိုက်ပျိုးနိုင်ရန်၊ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ ကွင်းအတွင်း ဝင်ရောက်မှုတို့မှ ကာကွယ်နိုင်ရန် ရည်ရွယ် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် စစ်ပင်ကွင်း ကျေးရွာ၌ လယ်သမားကြီး ဦးဌေးလှိုင်၏ လယ်ကွင်းသို့ရောက်ရှိပြီး ဦးဌေးလှိုင်၏ လယ်မြေသုံးဧကတွင် စိုက်ပျိုးထားသည့် နွေစပါးများကို စပါးရိတ်သိမ်း ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့နေသည်ကို ကြည့်ရှုအားပေးသည်။

အဆိုပါ လယ်မှ စပါးတစ်ဧကတင်း ၈၀ကျော်ထွက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လယ်သမားကြီးများအား အားပေးတိုက်တွန်းစကား ပြောကြားပြီးညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

**မီးဘေးရှောင်**
**မလောင်ခင်တား**

**➪ (၆၂)နှစ်မြောက်မှ**

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့မီးရထားမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖားတစ်ရှဉ်းတံတားတည်ဆောက်ရေးစီမံကိန်းမှ အမှုဆောင်အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးက အခြေခံကျသဖြင့် လမ်းများဖောက်၊ တံတားများတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏နယ်မြေဒေသအားလုံးဖွံ့ဖြိုးတိုးတက်လာစေချင်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ရထားလမ်း၊ ကားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာရေးလွယ်ကူမှသာတရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း"** ဖြင့် လမ်းညွှန်ခဲ့ကြောင်း။

ဧရာဝတီတိုင်းသည် ယခင်က ရေလမ်းခရီးကိုသာ အဓိကအသုံးပြုခဲ့ရကြောင်း၊ သို့ဖြစ်၍ ဒေသတစ်ခုနှင့်တစ်ခု ကုန်စည်စီးဆင်းမှုသည်လည်း နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ပြီး ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့သည်လည်း ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ခြင်းမှာ လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့်ဆိုသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ဒေသအားလုံးတစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့အဆင်ပြေစေရေးကို အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ဧရာဝတီတိုင်းအတွင်း ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်ရေးသည် အထူးတိုးတက်ဖွံ့ဖြိုးခဲ့သည်ကို ဒေသခံမိဘပြည်သူများ မျက်မြင်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်မှုဖြင့် လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ခဲ့ရာ ကားလမ်းအနေဖြင့် ပုသိမ်–မုံရွာကားလမ်းကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ စရိတ်စကသက်သာစွာဖြင့် ကုန်စည်နှင့် ခရီးသည်များကို အချိန်တိုအတွင်း များများသယ်ယူပို့ဆောင်နိုင်သည့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၏ အဓိကရထားလမ်းကြီးဖြစ်သည့် ပုသိမ်–ကြံခင်း–ပခုက္ကူ–ကလေးရထားလမ်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားဝန်ထမ်းများက အားကြိုးမာန်တက် တာဝန်ယူဖောက်လုပ်လျက်ရှိရာ မိမိတို့ဧရာဝတီတိုင်းအတွင်း ကြံခင်း–ဥသျှစ်ပင်လမ်းပိုင်း၄၀ဒသမ၅မိုင်ကို အမြန်ဆုံးဖောက်လုပ်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေကြကြောင်း။

၎င်းပုသိမ်–ကြံခင်း–ပခုက္ကူ–ကလေး ရထားလမ်းကြီးသည်ဧရာဝတီမြစ်အနောက်ခြမ်းရှိဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း တိုင်းကြီးလေးတိုင်းတို့၏နယ်မြေဒေသများကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည့်အတွက် အဆိုပါဒေသများ၏ စီးပွားရေး၊ လူမှုရေး အပြန်အလှန်ကူးလူးဆက်ဆံရေးကို များစွာမှအထောက်အကူပြုလာမှာဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ဖားတစ်ရှဉ်းတံတားသည် ကုန်ရထားလမ်းအတွက် အဓိကကျသည့် တံတားတစ်ခုဖြစ်သကဲ့သို့ မြန်အောင်–ကြံခင်း ကားလမ်းအတွက် ကားပါဖြတ်ကူးနိုင်သည့် တံတားတစ်ခုလည်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအတွက် အရေးပါသည့်တံတားပြိုလဲခဲ့ချိန်တွင် မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်ဘက်ခြမ်းက ပြည်သူလူထုသည် စီးပွားရေး၊ လူမှုရေး၊ ကူးသန်းဆက်သွယ်သွားလာမှု အဆက်ပြတ်ခဲ့ကြောင်း၊ အခက်အခဲများဖြစ်ခဲ့သည်ကို ဒေသခံပြည်သူများအသိဆုံးဖြစ်ကြောင်း၊ ယနေ့တွင် ဒေသခံမိဘပြည်သူများကြုံတွေ့နေရသည့်အခက်အခဲများကို ရထားပို့ ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဝန်ထမ်းများက ဖားတစ်ရှဉ်းတံတားသစ်ကြီးကို အသစ်ပြန်လည်တည်ဆောက်ဖွင့်လှစ်ပေးခြင်းဖြင့် ဖြည့်ဆည်းပေးလိုက်နိုင်ပြီဖြစ်သည့်အတွက် မင်္ဂလာရှိသည့်နေ့ တစ်နေ့ဖြစ်ကြောင်းနှင့် ယခုကဲ့သို့(၁၁)လတာကာလ အတွင်း ပြီးစီးအောင် တည်ဆောက်ပေးခဲ့သည့် မြန်မာ့မီးရထားဝန်ထမ်းများ၏ ဆောင်ရွက်မှုစွမ်းပကားများကိုလည်း မှတ်တမ်းတင်ကြောင်းကို ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် ဖားတစ်ရှဉ်းတံတားဟောင်းသည် ၁၉၂၃ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည့်အတွက် သက်တမ်းကာလ (၈၃)နှစ်ရှိပြီဖြစ်ခဲ့သလို ကားရော၊ ရထားပါ သွားလာနိုင်အောင် တည်ဆောက်ထားသည့် တံတားဖြစ်ကြောင်း၊ ယခင်ကားလမ်းအကျယ်မှာ ၁၀ပေရှိကြောင်း၊ မာလာမုန်တိုင်းတိုက်ခတ်ပြီး ရေကြီးမှုကြောင့် တံတားပြိုလဲခဲ့ရသည့်အတွက် မြန်အောင်–ကြံခင်းလမ်းပိုင်းတွင် ရထားသာမက ကားများပါသွားလာမှု ပြတ်တောက်ခဲ့ရသည့် အခြေအနေများ





**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဖားတစ်ရှဉ်းတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ဖြစ်ပေါ်ခဲ့ရကြောင်း၊ သို့အတွက် မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပန်းဆက်သွယ်မှု အမြန်ဆုံးကောင်းမွန်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နေ့မအား၊ ညမနား အသစ်တစ်ဖန်ပြန်လည်တည်ဆောက်ခဲ့ကြောင်း။

အဆိုပါတံတားကို အသစ်တစ်ဖန်ပြန်လည်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရန် Bore Pileအုတ်မြစ်၊ အပေါ်ပိုင်းသံကူကွန်ကရစ်တိုင်ဖြင့်တည်ဆောက်ထားပြီး တန်ချိန် ၃၀ အထိရှိသောကားများပါ ဖြတ်သန်းသွားလာနိုင်ရန် သစ်သားကြမ်းခင်းဖြင့်ဆောက်လုပ်ထားကြောင်း၊ ကားလမ်းအကျယ်မှာ ၁၃ ပေဖြစ်ပြီး တံတားအရှည် ၄၆၉ ပေရှိကြောင်း၊ ၃၀–၄–၂၀၀၆ ရက်နေ့တွင် တံတားပြိုလဲခဲ့ပြီး ယနေ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ပြုပြင်တည်ဆောက်ချိန် ၁၁ လနီးပါး ကြာမြင့်ခဲ့ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရထားလမ်းများပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ထုတ်လုပ်နိုင်ရေးစသည့် ရပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲက **"ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသသည် အရှေ့ဘက်ခြမ်းဒေသနှင့်နှိုင်းစာပါက ရေ၊ မြေသယံဇာတအခြေအနေ မကွာဟသော်လည်း လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရကြောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသတို့စီးပွားရေး၊ လူမှုရေးအခြေအနေ တန်းတူညီတူဖြစ်စေရန် ကြံခင်း–ပခုက္ကူ ရထားဖောက်လုပ်ရန်မှာ မဖြစ်မနေလိုအပ်ချက်ဖြစ်ကြောင်း၊ အဆိုပါ ရထားလမ်းဖောက်လုပ်ပြီးစီးပါက ယခင်ဖောက်လုပ်ပြီးဖြစ်သော ရထားလမ်းများနှင့်ဆက်စပ်ပြီး ပုသိမ်–ကြံခင်း–ပခုက္ကူ–ကလေးမြို့အထိ သွားရောက်နိုင်မှာဖြစ်ကြောင်း"** ဖြင့် လမ်းညွှန်ခဲ့ကြောင်း။

ယခုအခါ ကြံခင်း–ပခုက္ကူရထားလမ်းကို ကြံခင်း–ဥသျှစ်ပင် ၄၀ဒသမ ၅မိုင်၊ ဥသျှစ်ပင်–သရက်၆၉မိုင်၊ သရက်–မင်းဘူး၇၅မိုင်၊ မင်းဘူး–စလင်း၃၈မိုင်၊ စလင်း–ပခုက္ကူ၈၉ဒသမ ၅မိုင်စသည်ဖြင့် အပိုင်းငါးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိပြီး ကြံခင်း–ဥသျှစ်ပင်လမ်းပိုင်းကို မကြာမီဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းကို အသိပေးပြောကြားလိုကြောင်း။

သဘာဝဘေးအန္တရာယ်ကြောင့် ပြိုလဲခဲ့ပြီး ယနေ့အသစ်တစ်ဖန်ပြန်လည်တည်ဆောက် ဖွင့်လှစ်ခဲ့သည့် ဖားတစ်ရှဉ်းတံတားသည် ပုသိမ်–ကြံခင်း–ပခုက္ကူ–ကလေး ရထားလမ်း၏ တစ်စိတ်တစ်ဒေသအဖြစ်လည်းကောင်း၊ ကားရော၊ ရထားပါဖြတ်သန်းသွားလာနိုင်သည့်အတွက် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့အဆင်ပြေစေရေးအတွက်လည်းကောင်း အရေးပါသည့်တံတားတစ်ခုဖြစ်သည်ကို ဒေသခံမိဘပြည်သူများအသိပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားရာတွင် ၂၀၀၆ ခုနှစ် ဧပြီလတွင် ဧရာဝတီတိုင်းအတွင်း မာလာမုန်တိုင်းတိုက်ခတ်ခဲ့ပြီး မိုးအဆက်မပြတ်ရွာသွန်းခဲ့သည့်အတွက် မြို့နယ်အတော်များများမှာ ရေလွှမ်းမိုးမှုခံခဲ့ကြရကြောင်း၊ မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်တို့သည်လည်းအလားတူ သဘာဝဘေးအန္တရာယ်ကို ခံစားခဲ့ရသကဲ့သို့ ၎င်းမြို့နယ်နှစ်မြို့နယ်ကို ကားလမ်းရော၊ ရထားလမ်းအနေဖြင့်ပါ ဆက်သွယ်သွားလာနိုင်သည့် ဖားတစ်ရှဉ်းတံတားသည်လည်း ပြိုလဲခဲ့သည့်အတွက် ဒေသခံမိဘပြည်သူများ ကားလမ်း၊ ရထားလမ်းဖြင့် ဆက်သွယ်သွားလာမှု ပြတ်တောက်ခဲ့ရပြီးသွားရေးလာမှု လွန်စွာခက်ခဲခဲ့သည်ကို ကိုယ်တိုင်ကြုံတွေ့ ခံစားရသည့် ဒေသခံများ အသိဆုံးပင်ဖြစ်ကြောင်း။

အဆိုပါ ကြုံတွေ့ခံစားခဲ့ရသည့် သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများ၊ လူမှုရေးဒုက္ခများကို နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများစသည်ဖြင့် အဘက်ဘက်က ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ယနေ့တွင် သဘာဝဘေးအန္တရာယ်က ဖျက်ဆီးခဲ့၍ ပျက်စီးခဲ့ရသည့် မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်တို့အကြား လမ်းပန်းဆက်သွယ်ရေးအရ အရေးပါသော ဖားတစ်ရှဉ်းတံတားသစ်ကြီးကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လမ်းပန်းဆက်သွယ်မှု အခက်အခဲများခံစားနေရသောဒေသခံမိဘပြည်သူများ၏ဒုက္ခများကို မိမိတို့ညီအစ်ကိုမောင်နှမများ ခံစားနေရသကဲ့သို့သဘောထားကာ အချိန်တိုတိုနှင့် အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ရေး စသည့်ရည်မှန်းချက်၊ စေတနာကောင်းများကို အရင်းတည်ကာ နေ့ညမအားတည်ဆောက်ပေးခဲ့ကြသည့်အတွက် ယနေ့အောင်အောင်မြင်မြင်ဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် မြစ်၊ ချောင်းများအလွန်ပေါများသည့် ဒေသဖြစ်သည့်အတွက် ယခင်ကရေလမ်းခရီးကိုသာ အဓိကထားသွားလာခဲ့ကြရကြောင်း၊ ရေလမ်းခရီးကို အသုံးပြုခြင်းသည် အချိန်ကြန့်ကြာခြင်း၊ မိုးများသောကာလများတွင် အန္တရာယ်များလွန်းခြင်းစသည်တို့ကြောင့် နိုင်ငံတော်အစိုးရက ဧရာဝတီတိုင်း နယ်မြေအတွင်း မြစ်ချောင်းများကိုဖြတ်ကျော်သည့် တံတားကြီးများဆောက်လုပ်ခြင်း၊ ကားလမ်းများကို တိုးချဲ့ဖောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရမှာဖြစ်ကြောင်း၊ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် အထင်ကရ ကားလမ်းအဖြစ် ပုသိမ်–မုံရွာကားလမ်းကို ဖောက်လုပ်ခဲ့ကြောင်း၊ ရထားလမ်းအနေဖြင့်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**



**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ ဖားတစ်ရှဉ်းတံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၂၆–၃–၂၀၀၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၀ ၇။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၈း၂၀ ၈။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Grammar Made Easy.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၄း၄၅ ၄။ အကပဒေသာ
- ၅း၀၀ ၅။ မြန်မာ့ရိုးရာတောလေ ကျေးလက်တေးသံများ
- ၅း၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၃၅ ၈။ **"ချောင်းကမ်းဘေးက ရွာကလေး" (နွဲ့နွဲ့စန်း၊မြင့်မြင့်ခိုင်၊ထင်ပေါ်၊ သဇင်) [ဒါရိုက်တာ–မြင့်စိုး (ဝ/သ ရန်ကုန်)]**
- ၅း၄၅ ၉။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၆ ခုနှစ်)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာ ဘဝပင်ခြားသော်လည်း" (အပိုင်း–၆)**
- ၇း၄၀ ၁၄။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇း၅၀ ၁၅။ ပြည်သူ့အတွက်တပ်မတော် (ကျန်းမာရေး၊သိပ္ပံနည်းပညာ၊ ပညာရေး)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၉း၀၀ ၁၉။ **(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြား ဇာတ်လမ်း "အဖေတူသား" (ဇာတ်သိမ်းပိုင်း) [ဇင်ဝိုင်း၊လူမင်း၊မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ ပန်းဖြူ၊ နန္ဒာလှိုင်၊သက်မွန်မြင့်၊ မေသဥ္ဇာဦး] (ဒါရိုက်တာ–ပန်းချီစိုးမိုး)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

✳ စာမျက်နှာ ၉ မှ

ပုသိမ်မှ ကြံခင်းအထိရှိခဲ့ရာက ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကြံခင်းမှပခုက္ကူကို ရထားလမ်းဆက်လက်ဖောက်လုပ်ရေး ဆောင်ရွက်လျက်ရှိရာ ပြီးစီးပါက ပုသိမ်မှပကလေးထိ ရထားဖြင့်တစ်ဆက်တည်းသွားလာနိုင်အောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရှိရသည့်အတွက် ဤဒေသ၏လမ်းပန်း ဆက်သွယ်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်နိုင်ငံတော်အစိုးရ၏ ထားရှိသည့်စေတနာကို ဒေသခံမိဘပြည်သူများ မျက်ဝါးထင်ထင်တွေ့ရှိရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏စေတနာထားဆောင်ရွက်မှုများအပေါ် ဧရာဝတီတိုင်းအတွင်းရှိ ဒေသခံပြည်သူများကလည်း နားလည်သဘောပေါက်ပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့နှင့် ဒုတိယဝန်ကြီးများသည် ဖားတစ်ရှဉ်းတံတားပေါ်မှ ဖြတ်သန်းခုတ်မောင်းသွားရန် အသင့်စောင့်ဆိုင်းနေသော မင်္ဂလာရထားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့က ဖားတစ်ရှဉ်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဖားတစ်ရှဉ်းတံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်အတူ ဖားတစ်ရှဉ်းတံတားမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖားတစ်ရှဉ်းတံတားပေါ်သို့ မင်္ဂလာရထားနှင့် ကားများအစဉ်လိုက် ဖြတ်သန်းမောင်းနှင်သွားကြရာ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများသည် ခရီးသည်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ဖားတစ်ရှဉ်းတံတားသည် စုစုပေါင်းအရှည် ၄၆၉ပေရှိပြီး မူလတံတားဟောင်းထက် ပေ ၁၄၀ ပိုမိုရှည်လျားကာ Bore Pile အုတ်မြစ်၊ အပေါ်ပိုင်း သံကူကွန်ကရစ်တံတားဖြစ်သည်။

ရထားလမ်းအပြင် ကားလမ်းပါ ပါရှိပြီး စုစုပေါင်း အကျယ် ၁၃ပေပါရှိကာ တန် ၃၀နှင့်အထက် ကားများပါ ဖြတ်သန်းမောင်းနှင်နိုင်သည်။

၂၀၀၆ခုနှစ် ဧပြီ ၂၉ရက်တွင် မာလာမုန်တိုင်းတိုက်ခတ်ပြီး ရေကြီးမှုကြောင့် ဖားတစ်ရှဉ်းတံတားပြိုလဲခဲ့ရ၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများသည် ဖားတစ်ရှဉ်းတံတားအထိ ဂိတ်အလိုက် ကြိုပို့ကားများဖြင့် တစ်ဆင့်စီးကာခြေကျင်တံတားကို ဖြတ်ကူးသွားလာနေကြရပြီး ကုန်စည်စီးဆင်းမှုပါ အခက်အခဲဖြစ်ခဲ့ကြရသည်။

**ယခုဖားတစ်ရှဉ်းတံတားသစ်ဖွင့်လှစ်နိုင်ခဲ့၍ မြန်အောင်မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၅၈အုပ်စု၊ ကျေးရွာပေါင်း ၅၁၇ရွာနှင့် မြန်အောင်မြို့မတိုက်နယ်၊ ကနောင်တိုက်နယ်၊ တာခွတဲကြီးကုန်းတိုက်နယ်၊ အင်ပင်တိုက်နယ်အပါအဝင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများသည် မြန်အောင်-ကြံခင်း-ပြည်-ရန်ကုန်-မန္တလေးသို့ အချိန်တိုအတွင်း လုံခြုံချောမွေ့စိတ်ချမ်းမြေ့စွာကူးသန်းသွားလာနိုင်ကြမည် ဖြစ်သည်။**

**ထို့ပြင် ယခင်တံတားဟောင်းမှာ ယာဉ်နှင့်ကုန် ၁၀ တန်သာ ခွင့်ပြုနိုင်၍ ၁၀တန်အထက်ယာဉ်များသည် ကုန်စည်များကို ကဲ့တင်နေခဲ့ရာမှ ယခုဖားတစ်ရှဉ်းတံတားသစ်ကြီးသည် ယာဉ်နှင့်ကုန်တန် ၃၀ ခွင့်ပြုတင်ဆောင်နိုင်သောကြောင့် ကုန်စည်စီးဆင်းမှုပိုမိုသွက်လက်မြန်ဆန်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသခံပြည်သူများ စိတ်ချမ်းမြေ့ ဝမ်းမြောက်လျက်ရှိကြောင်းသိရသည်။** (သတင်းစဉ်)




**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)မှ လှူဒါန်းသော အလှူငွေများကို တပ်မတော်ဆေးရုံများ၊ သံဃာ့ဆေးရုံနှင့် ပြည်သူ့ဆေးရုံများ၊ အရေးပေါ်လူနာဌာနများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပရဟိတကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ပေးအပ်လှူဒါန်းစဉ်။**(သတင်းစဉ်)

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ရန်ကုန်တိုင်းမထသ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၂၅

**၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ ရန်ကုန်တိုင်း ရုံးချုပ်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)မှ တပ်မတော်ဆေးရုံများ၊ သံဃာ့ဆေးရုံနှင့် ပြည်သူ့ဆေးရုံများ၊ အရေးပေါ်လူနာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် လှူဒါန်းသည့် အလှူငွေ ကျပ် ၈၉ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

**ကျေးဇူးတင်စကား**

ထို့နောက် အလှူငွေလက်ခံရရှိသည့် ဆေးရုံများ၊အဖွဲ့အစည်းများနှင့်ပရဟိတကျောင်းများကိုယ်စား မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာမြင့်သောင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဒုတိယမြို့တော်ဝန် အခွန်လွတ်ဈေးများ စစ်ဆေး

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ဈေးများဌာန ဌာနမှူး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်အတွင်းရှိ အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်အတွင်းရှိအခွန်လွတ်ဈေး၊ သာကေတမြို့နယ်အတွင်းရှိ အခွန်လွတ်ဈေးနှင့် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ သီရိမင်္ဂလာဈေးကြီးများသို့သွားရောက်၍ ဈေးအတွင်းရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)



# မြန်မာနိုင်ငံဓာတ်ပုံအသင်း(၄၃)ကြိမ်မြောက် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံဓာတ်ပုံအသင်း (၄၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၅)လမ်းအောက်ရှိ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းတိုက်၌ ကျင်းပသည်။

အစီအစဉ်အရ သဘာပတိ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးအေးချစ်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေနှင့် အသင်းဥက္ကဋ္ဌ ဦးအေးချစ်တို့က (၄၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာဓာတ်ပုံပြိုင်ပွဲ (Best Photographar of the year 2006 )တွင်ဆုရရှိသူ ဦးအောင်မျိုး (FMPS) အား ရန်ကုန်မြို့တော်ဝန်၏ ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်း၊ တက္ကသိုလ်တင်မောင်ထွေး (နတ်ရေကန်) ၏ Canon L-9000 ကင်မရာနှင့် မီးခွက်တစ်စုံ၊ ဓာတ်ပုံအသင်းတံခွန်စိုက်ဒိုင်းဆုတို့ကို ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

လစဉ်ပြိုင်ပွဲအမှတ် အများဆုံးရရှိသူ ဦးကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)က လစဉ်ပြိုင်ပွဲ တံခွန်စိုက်ရွှေစောင်းဆုကိုရရှိသည်။ ယင်းနောက် ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများအား မြန်မာနိုင်ငံဓာတ်ပုံအသင်းနာယကများ၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အကဲဖြတ်ပညာရှင်များ၊အလှူရှင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက အလှည့်ကျဆုများ ချီးမြှင့်ကြသည်။ (သတင်းစဉ်)

## သုတဘဏ်စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော သုတဘဏ်စာတမ်းဖတ်ပွဲကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းအမှတ် (၅၂၉/၅၃၁)ရှိ စာပေဗိမာန်အဆောက်အအုံ(ဒုတိယထပ်)၌ ကျင်းပသည်။

**တက်ရောက်**

စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလှေ့လာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့် (မောင်ဆုရှင်) က ဘာသာရပ်ဆိုင်ရာနှင့် စပ်လျဉ်း၍ မိတ်ဆက်စကား ပြောကြားသည်။

**စာတမ်းများဖတ်**

ထို့နောက် စာတမ်းရှင် ဒေါက်တာမျိုးသန့်တင်က **“မြန်မာ့စဉ့်သမိုင်းအမွေအနှစ်များ”** စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် ဒေါက်တာသက်လွင်က **“ပုံတောင်ပုံညာ မှတ်တမ်းလွှာ”** စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)




**ကျန်းမာရေး အသိပညာ ဗဟုသုတများ ကြွယ်ဝပြည့်စုံစေရေး ဟောပြောပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်း** Yuzana Business Tower **ဒုတိယထပ်ခန်းမ၌ ကျင်းပရာ စာရေးဆရာမ ဒေါက်တာယဉ်မင်းဦး (ခ) ဒေါက်တာနိုက်တင်ဂေးလ်က “အဝလွန်ခြင်းပြဿနာနှင့် ပိန်ချင်လွန်းသည့် ဝေဒနာ” ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။** (က-ပ)

## ညောင်ရိပ်သာ ဂုဏဝိသိဋ္ဌ ပူဇာဓမ္မသဘင်

ရန်ကုန် မတ် ၂၅

အရှင်ကေသရာဘိဝံသညောင်ရိပ်သာဆရာတော်အား ဂုဏဝိသိဋ္ဌ ပူဇာနှင့် တိုးချဲ့တရားစခန်းကျောင်း ပန္နက်တင် အလှူငွေပေးအပ်ပွဲ၊ နိုင်ငံတော် သံဃမဟာနာယက အဆင့်ဆင့်ဩဝါဒခံ အထူးတရားပွဲများကို သာကေတ ၁၀/တောင်ရပ်ကွက် ပိတောက်ရွှေဝါဆွမ်းလောင်းအသင်း မိသားစုနှင့် တပည့်ဒါယကာများက စုပေါင်းပူဇော်ကြမည်ဖြစ်သည်။ မတ် ၂၈ ရက် ဒေါက်တာအရှင်ဣန္ဒက ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ၂၉ ရက်(၁၀ဘွဲ့ရ)အရှင်အာစာရာလင်္ကာရ၊ ၃၀ ရက် ဦးဝိသုဒ္ဓခင်မွန်မဟာဗောဓိ တောရ(မုံရွာ)၊ ၃၁ ရက် ဒေါက်တာ ဦးဝိမလ M.A (ဓမ္မဒူတ)၊ ဧပြီ ၁ ရက် ဘဒ္ဒန္တဇာဂရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော်သံဃမဟာနာယကတွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရဆရာတော်ကြီးများက ညစဉ်ဝါပလူငယ်ဆွမ်းလောင်းအသင်းတွင်ဩဝါဒတရားချီးမြှင့်တော်မူမည်ဖြစ်သဖြင့်ဖုန်း-၅၄၇၀၂၅၊၅၅၃၅၄၂၊ ၅၅၃၁၄၁ သို့ ဆက်သွယ်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



**မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍မြို့နယ်အတွင်းရှိကျောင်းများတွင် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ကူးတို့ဆိပ်ရပ်ကွက် အမက (၁၇)တွင် ရပ်ကွက်ဥက္ကဋ္ဌဦးအောင်မျိုးဦးနှင့် တာဝန်ရှိသူများ စာအုပ်နှင့် အာဟာရ လှူဒါန်းကြစဉ်။** (သတင်းစဉ်)

## ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထလက်ရွေးစင်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက် ပြိုင်ပွဲ၏ စတုတ္ထလက်ရွေးစင်ပြိုင်ပွဲ (Grand Royal Special Reseve Golf Championship 2007 Fourth Qualify Round) ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် ညနေပိုင်းတွင် ရန်ကုန်ဂေါက်ကလပ် (ဒညင်းကုန်း)၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက HOLE-IN-ONE ဆုရရှိသော ဝင်းထွန်းသိန်းအား ရွှေပြားဆုကို ပေးအပ်ချီးမြှင့်ပြီး Putting Challeng ပြိုင်ပွဲတွင် အနိုင်ရရှိသော စောသီဟမြင့်အား ဆုကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်ဂေါက်ကလပ် အတွင်းရေးမှူး ဦးအေးချိုက ၂၈၅ ကိုက်ဖြင့် Longest Drive ပြိုင်ပွဲတွင် ဆုရရှိသော နေဒွန်းအားလည်းကောင်း၊ တစ်ပေခွဲဖြင့် Nearest to the Pin ပြိုင်ပွဲတွင် ဆုရရှိသော ရန်မျိုးအေးအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲတွင် Nett Total ၁၃၉ ချက်ဖြင့် ပဉ္စမရရှိသော ရန်မျိုးအေးနှင့် Nett Total ၁၃၉ ချက်ဖြင့် စတုတ္ထရရှိသော ခင်မောင်မြင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Nett Total ၁၃၈ချက်ဖြင့် တတိယရရှိသော ဝင်းထွန်းသိန်း၊ Nett Total ၁၃၈ ချက်ဖြင့် ဒုတိယရရှိသော ရန်နိုင်ဖြိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး Nett Total ၁၃၇ ချက်ဖြင့် ပထမရရှိသွားသော Derek Htet Doe အား Trophy ဆုနှင့် ရွှေပြားဆုကို ပေးအပ်ချီးမြှင့်သည်။

GRAND ROYAL SPECIAL RESERVE Golf Championship

**ဂုဏ်ပြုလက်ဆောင်**

ထို့နောက် IBTC မှ Production Director ဦးဇော်ထိုက်က နှစ်သိမ့်ဆုရရှိကြသော ပထမမှ အဋ္ဌမအထိ အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး IBTC က ချီးမြှင့်သော အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ် အတွင်းရေးမှူးက လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd. ဖြစ်၍ Co-sponsors များအဖြစ် Air Mandalay၊ Hotel Nikko၊ Srixon နှင့် Alpine တို့က ထပ်မံ၍ ပံ့ပိုးကူညီပေးကြပြီး စတုတ္ထလက်ရွေးစင်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized By Han Event Management) က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းထန် မြေငလျင်လှုပ်ရှား

**နေပြည်တော် မတ် ၂၅**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၁၀ မိနစ် ၀၂ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင် ၅၆၀၀ ခန့် ကွာဝေးသောနေရာ(မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်းနှင့် မြန်မာစံတော်ချိန် ၇ နာရီ ၁၂ မိနစ် ၁၆ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၂၉၈၀ ခန့် ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၃-၂၀၀၇ (တနင်္လာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | မိခင်ရင်ခွင်မှ မေတ္တာရင်ခွင်သို့ တရားတော် [အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)] ပိဋကတစ်ပုံခွဲဆောင် သီတဂူကြာတစ်ပွင့် မဟာဓမ္မကထိက ဗဟုဇနဟိတရေ |
| ၈း၀၅ | ဖိတ်ခေါ်ချင်သည် တောင်စခန်းမြို့ဆီ |
| ၈း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | အသည်းရောဂါဆိုတာ ဘာလဲ (အပိုင်း-၂) (ဒေါက်တာခင်မောင်ဝင်း) |
| ၉း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ | အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ဇာနည်၊ ကြည်လဲ့လဲ့ဦး) |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ရဲဘော်ဗေဒါနှင့်သူ၏ဂီတဆရာများ (ရှော၊ဗေဒါ၊အုန်းသီး၊ထင်ပေါ်) |
| ၁၀း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (အမျိုးသမီးများ ကိုယ်ဝန်ရှိခြင်းနှင့် ပတ်သက်သည့် ပြဿနာများ) |
| ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ | စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ |
| ၁၁း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၂၅ | ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသော မြေနမူနာများအား ခွဲခြမ်းစိတ်ဖြာခြင်း |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၅၀ | ကာဗွန်ဒိုင်အောက်ဆိုဒ်အခဲ ရေခဲခြောက် |
| ၁၂း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၂၀ | စိုက်ပျိုးရေးကဏ္ဍအတွက်အကျိုးထူးစေတဲ့ ကယားပြည်နယ်ရဲ့ နိုးကိုးလျှပ်စစ်ရေတင်လုပ်ငန်း |
| ၁၂း၃၅ | ကုန်သွယ်စီးပွား နိုင်ငံ့အား (သွင်းကုန်လုပ်ငန်းလုပ်ထုံးလုပ်နည်းများ) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။



**ဆုချီးမြှင့်**

Mr. Rico **ကာယဗလ မောင်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား** Lolane **မှ အထွေထွေမန်နေဂျာဦးအယ်လ်မိန်းဒိန်း ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

## ကာယဗလမောင် Mr.Rico နှင့် ကာယအလှမယ် Ms. Rina ရွေးချယ်

**ရန်ကုန် မတ် ၂၅**

၂၀၀၇ ခုနှစ် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း အားကစား တိုးတက်မြင့်မားရေးနှင့် အားကစားဝန်ကြီးဌာန၏ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာရေး ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်း ကာယဗလနှင့် ကာယအလှ ဆပ်ကော်မတီက ကြီးမှူး၍ Grand Wynn Enterprises Ltd. (Lolane Hair & Skin Care) မှ အဓိက ကူညီပံ့ပိုးသော Mr. Rico & Ms. Rina ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို မတ် ၂၄ ရက် နံနက် ၁၁နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

**ကာယဗလမောင်ပြိုင်ပွဲ**

အမျိုးသား လူသစ်တန်း ကာယဗလမောင်ပြိုင်ပွဲတွင် ပထမ ညီညီဇော်(လှိုင်သာယာ)၊ ဒုတိယ စိုးထွန်း(ကမာရွတ်)၊ တတိယ စိုးတင်ဦး (သဃ်န်းကျွန်း)တို့ကရရှိပြီး အငယ်တန်း မောင်ပြိုင်ပွဲတွင် ပထမ မြတ်ထွန်းမင်း၊ ဒုတိယ မိုးဆွေနှင့် တတိယ သန်းလှိုင်တို့ရရှိသည်။ အကြီးတန်း ကာယဗလမောင်ပြိုင်ပွဲတွင် ပထမ သန့်စင်၊ ဒုတိယ သန်းနိုင် (ကက-ရေ)၊ တတိယ ခင်ဦး (တောင်ဥက္ကလာပ) တို့ရရှိပြီး အလွတ်တန်း မောင်ပြိုင်ပွဲတွင် ပထမ ခင်မောင်ကျော်(မရမ်းကုန်း)၊ ဒုတိယ သန်းဇော်ထိုက်နှင့် တတိယ မောင်မြင့်တို့ရရှိကြသည်။

**ကာယအလှမယ်ပြိုင်ပွဲ**

အမျိုးသမီး လူသစ်တန်း ကာယအလှမယ်ပြိုင်ပွဲတွင် ပထမ စန်းစန်းဝင်း၊ ဒုတိယ အေးသီတာအောင်၊ တတိယ နန်းချိုနွဲ့ခမ်းတို့ကရရှိကြပြီး အငယ်တန်း ကာယအလှမယ်ပြိုင်ပွဲတွင် ပထမ နွယ်နီလင်း၊ ဒုတိယ သဇင်မြင့်မောင်နှင့် တတိယ ခိုင်သဇင်တင်ဝမ်းတို့ ရရှိကြသည်။ အကြီးတန်း ကာယအလှမယ်ပြိုင်ပွဲတွင် ပထမ အေးထွဋ်သိမ်း၊ ဒုတိယ အေးသန္တာခိုင်နှင့် တတိယ ငြိမ်းအေးယဉ်တို့ ရရှိကြသည်။



Ms. Rina **ကာယအလှမယ်ပြိုင်ပွဲတွင် ပထမရရှိသွားသည့် ဟေမာစိုးဝင်းအား ဆုယူအပြီး တွေ့ရစဉ်။** (ကြေးမုံ)

**Mr. Rico နှင့် Ms. Rina**

Mr. Rico ကာယဗလမောင်ပြိုင်ပွဲတွင် ပထမ ခင်မောင်ကျော် (မရမ်းကုန်း)၊ ဒုတိယ သန်းဇော်ထိုက်နှင့် တတိယ ညီညီဇော်တို့ရရှိသွားပြီး Ms. Rina ကာယအလှမယ် ပြိုင်ပွဲတွင် ပထမ ဟေမာစိုးဝင်း၊ ဒုတိယ ခင်အိအိခိုင်နှင့် တတိယ အေးသန္တာခိုင်တို့ရရှိကြသည်။

ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသည့် အားကစားဝါသနာရှင်များ၊ အနုပညာရှင်များ၊ ဧည့်သည်တော်များအား Lolane Hair & Skin Care နှင့် အသစ်ထပ်မံ ထုတ်လုပ်လိုက်သော နိုင်ငံတကာအဆင့်မီ Rico & Rina အမျိုးသား၊ အမျိုးသမီးသုံး ရေမွှေးများ လက်ဆောင်ပေးခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်းနှင့် ပြိုင်ပွဲဝင်ဆုရရှိသူများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် Grand Wynn Enterprises Ltd. (Lolane Hair & Skin Care) မှတာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပျဉ်းမပင် CNG အရောင်းဆိုင် သဘာဝဓာတ်ငွေ့ ပြန်လည်ရောင်းချ

**ရန်ကုန် မတ် ၂၅**

စက်ချွတ်ယွင်းမှုကြောင့် အရောင်းရပ်ထားသော အမှတ်(၀၁၀) ပျဉ်းမပင် CNG အရောင်းဆိုင်အတွက် ပြည်ပ မှ မှာယူထားသော စက်အရန်ပစ္စည်းများအနက် ဖိအားမြှင့်စက်တစ်လုံးစာ အရန်ပစ္စည်းများသည် မတ် ၉ရက်တွင် လည်းကောင်း၊ ဒုတိယဖိအားမြှင့်စက်အတွက် အရန်ပစ္စည်းများသည် မတ် ၂၀ ရက်တွင်လည်းကောင်း ရောက်ရှိ လာခဲ့သည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှပညာရှင်များက နေ့ရောညပါ ပြုပြင်တပ်ဆင်ခဲ့ရာ ဖိအားမြှင့်စက်တစ်လုံးကို မတ် ၁၂ ရက်တွင်လည်းကောင်း၊ ဒုတိယတစ်လုံးကို မတ် ၂၃ ရက်တွင်လည်းကောင်း ပြုပြင်ပြီးစီးခဲ့ပြီး သဘာဝဓာတ်ငွေ့များ ချက်ချင်းပြန်လည်ရောင်းချနိုင်ခဲ့သဖြင့် ယာဉ်ပိုင်ရှင်များ ယခင်ကထက် ပိုမိုလျင်မြန်စွာ သဘာဝဓာတ်ငွေ့ဝယ်ယူနိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမှတ်(၀၁၀) ပျဉ်းမပင် CNG အရောင်းဆိုင်တွင် မော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ ဖြည့်တင်းနေကြစဉ်။** (စွမ်းအင်)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး



ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ကိုပြည့်ဖြိုးအောင်-မနှင်းနွယ်ဝင်းတို့က မင်္ဂလာဦးဒါနအဖြစ် ငွေကျပ် ၃၇၉၇၀၀ ကို လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော် ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက် ဘိုးဘွား မိဘများနှင့် ခင်ပွန်း (ဦးညွန့်ကြည်)အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မိုးမခလမ်းနေ ဇနီး ဒေါ်အေးအေးမြင့် နှင့် သားသမီး၊ မြေးမိသားစုက ငွေကျပ် ၅၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းနာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာသုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)



ကွယ်လွန်သူ မိဘ ဦးခင်မောင်-ဒေါ်ကျင်မှုံတို့အား ရည်စူး၍ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းနေ ဦးစိန်အောင် မိသားစုက ဗဟန်းမြို့နယ် ဓီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။(က-ပ)

## RANBAXY Junior Tennis Tournament (U10, U12, U14) လူငယ်တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် မတ် ၂၅**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့က ကြီးမှူး၍ RANBAXY Co., Ltd.၏ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် RANBAXY Junior Tennis Tournament ပြိုင်ပွဲကို ဧပြီ ၅ ရက်မှ ၁၀ရက်အထိ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ အသက်(၁၀)နှစ်အောက်၊ အသက်(၁၂)နှစ်အောက်၊ အသက်(၁၄) နှစ်အောက် (ကျား/မ)တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲတို့ဖြစ်သည်။

နယ်မှ လာရောက်ယှဉ်ပြိုင်သူများကို သတ်မှတ်ထားသော နှုန်းထားများအတိုင်း ထောက်ပံ့ပေးပြီး နေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၄ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရန်နှင့် အသက်မှန်ကန်ကြောင်း ထောက်ခံစာများ ယူလာရမည်ဖြစ်သည်။ (သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၁၃)ဖြန့်ချီ

**ရန်ကုန် မတ် ၂၅**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၁၃)တွင် ကျိုက်ထီးရိုးစေတီတော်ကို အင်ဂျင်နီယာရှုထောင့်ဖြင့် တိုင်းတာ ထူးဆန်းစွာဖြစ်တည်နေမှုကို ရှင်းလင်းမပြနိုင်သေး၊ ကြက်ဘဲဈေးသို့ဝင်လာသည့် ကြက်ဘဲများ ရောဂါကင်းရှင်းရေး ထပ်မံ စစ်ဆေးဦးမည်ဟုဆို၊ နဝမတန်းအောင်ရုံဖြင့် နိုင်ငံတကာလေကြောင်းလိုင်းအဖွဲ့အစည်းနှင့် စင်ကာပူအစိုးရကျောင်းများသို့တိုက်ရိုက်တက်ရောက်နိုင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ တက္ကသိုလ်များညီလာခံမှ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အစည်းအရုံးကြီးဖွဲ့စည်းနိုင်ခဲ့၊ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်တွေ့ရှိသော်လည်း ကြက်ဥ၊ ဘဲဥ အရေအတွက် လျော့ကျသွားခြင်းမရှိ စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'နောက်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အဆင်သင့်ဖြစ်ပြီလား အာဆင်နယ်' အားကစားဆောင်းပါးနှင့်အတူ အဂတိလိုက်စားမှု တိုက်ဖျက်ရန် ပြုပြင်ပြောင်းလဲမှုများ တရုတ်နိုင်ငံ အရှိန်မြှင့်၊ စေတစ်လုံးယာဉ်စီးကတ် တိုကျိုပို့ဆောင်ရေးကွန်ရက်တွင် စတင်အသုံးပြု၊ လွတ်လပ်စွာ ကုန်သွယ်မှု ပဋိညာဉ်များကြောင့် စင်ကာပူကုမ္ပဏီများ ကောင်းကျိုးရနေ၊ မူလတန်းပညာရေးသင်ထောက်ကူ ချစ်မွေးခွေးကလေးဖြင့် စမ်းသပ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

## The LIVE NEWS ဂျာနယ်အမှတ်(၂၉) ဖြန့်ချီ

**ရန်ကုန် မတ် ၂၅**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၂၉)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှုကို လက်တွေ့ ခံစားခဲ့ရတဲ့ဂျာမန်ဇနီးမောင်နှံ၊ နွေရာသီရေကူးသင်တန်းများတွင် သင်တန်းသားများဖြင့် အထူးစည်ကား၊ တက္ကသိုလ်ဝင်တန်းတွင် အောင်မှတ်ရရုံဖြင့် တင်းတိမ်၍မရနိုင်တော့၊ မကွေးမြို့ပေါ်က ဖြတ်သွားသော ဥက္ကာပျံကြီးနှင့်ပတ်သက်၍၊ စားသုံးဆီမျိုးစုံထုတ်လုပ်သန့်စင်ရေး FAOမှ ဒေါ်လာ ၁၂၁သမ ၃သန်းထောက်ပံ့မည်၊ ရန်ကုန်မြို့ကြီးရဲ့ ရှေးဦးပုံရိပ်ထဲက နယ်ချဲ့တို့ရဲ့ ပညာရေးနဲ့ဖိမ်ခံရေးဆောင်ရွက်ချက်များ၊ အလုအယက် သီဟိုဠ်စေ့ဈေးကွက်၊ နှစ်(၆၀)က ထရူးမင်းရဲ့ "လွတ်လပ်တဲ့ကမ္ဘာ" အယူအဆနဲ့ ဒုက္ခရောက်ခဲ့ရတဲ့ပြည်သူတွေ၊ Stowaway ခေါ်သင်္ဘောခိုးစီးသူ၊ ရုရှားမှ ဥရောပသို့ ပင်လယ်နက်ရေနံပိုက်လိုင်းသွယ်တန်းမည်၊ ကမ္ဘာအနှံ့ အယ်လ်ကေဒါအကြမ်းဖက်မှုများ အယ်လ်ကေဒါထိပ်တန်းခေါင်းဆောင်ထုတ်ဖော်ဝန်ခံ၊ ချယ်လ်ဆီးအသင်းပိုင်ရှင်နှင့် ကွာရှင်းခဒေါ်လာသန်း၃၀၀၊ ချောင်းဆိုးသံကြားမှ မသေမှန်းသိခဲ့ရတဲ့ ဆေးရုံပေါ်က သေရွာပြန်ကလေးငယ်၊ အီရတ်တွင် ကလိုရင်းဓာတ်ငွေ့ဗုံးများ ခေတ်စားလာပြန်၊ ရုရှားကာကွယ်ရေး စက်ရုံများအတွက် တစ်နှစ်လျှင် ဒေါ်လာသန်းတစ်ထောင်ကျော်သုံးစွဲလျက်ရှိ၊ တက္ကစီမင်းနှင့် နတ်မိမယ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဓာတ်လမ်းများ စသည့် သတင်း၊ဆောင်းပါး၊အားကစား၊ အနုပညာကဏ္ဍများကို ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)



မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း ပညာရေးဗိမာန်တော်ကြီးအတွက်ဒေါ်စိန်၊ ဆရာမကြီးဒေါ်ခင်ဝင်းနှင့် ဒေါက်တာမျိုးနိုင်တို့က ငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းတော်ကြီး ဖြစ်မြောက်ရေး အကျိုးတော်ဆောင် အထွေထွေ အတွင်းရေးမှူး ဒေါ်မြရှင်(သီရိသုမင်္ဂလာ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စိမ်းလဲ့မေရိပ်သာလမ်း၊ အမှတ်(၁၈/ခ)နေ
(ဦးချိုဟောင်ကောင်-ဒေါ်အီနန်း)တို့၏သား
ဦးစိုင်းထွန်း(ခ)ကိုချိုင်း၏ညီ

**မောင်အိုက်ဟင်(ခ)ကိုအဟင်း**
**Managing Director**
**(Yupa Dagon Trading Co.,Ltd.)**

(ဦးမောင်လွင်-ဒေါ်ခင်သန်း) ခင်မိသားစု မွေ့ရာချုပ်လုပ်ငန်းတို့၏မြေး၊
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်ကွက်၊ ဦးဝိစ္ဆာလမ်း၊ အမှတ်(၇)နေ
(ဦးလှသန်း)-ဒေါ်ခင်သောင်းကြည်တို့၏သမီးထွေး

**မနှင်းဇာမိုး**
B.Sc (Maths)
General Manager
(Yupa Dagon Trading Co.,Ltd )

တို့၏ ၂၀-၃-၂၀၀၇ (အင်္ဂါနေ့) တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ဒေါ်တင်ကြူကြူဝင်း(ဦးစီးအရာရှိ-ရန်ကုန်တိုင်းတရားရုံး)၊ ၂၅-၃-၂၀၀၇ (တနင်္ဂနွေနေ့) တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာ လက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးတင့်ဆန်းနှင့်ဇနီး ဒေါ်နန်းလှစီအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ်သန်းဟန်နှင့်ဇနီး ဒေါ်နန်းအုန်းတင်အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော မြရတနာမိုး၊ မင်္ဂလာပန်းကြဲပေးသော မစန္ဒာလင်း၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးသော မဇင်ထူးမွန်၊ Flower Girl အဖြစ် သမီး မမိုးဖြူစင်ဇော်၊ သတို့သားအရံ ကိုမိုးမြင့်ဦးနှင့် သတို့သမီးအရံ မငုဝါနိုင်တို့အားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်အလှပြုပြင်ပေးသော အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနား ပန်းအလှပြင်ဆင်ပေးသော ကိုမျိုးဝင်းအောင်နှင့်အဖွဲ့၊ မှတ်တမ်းတင်ဗီဒီယိုဓာတ်ပုံရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ တေးဂီတဖြင့် ဖျော်ဖြေပေးသော Lazy Club (ကိုနိုင်ဇော်နှင့်အဖွဲ့)အားလည်းကောင်း၊ ကိုယ်တိုင် ကြွရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် အဘက်ဘက်မှ ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်း၊ ရူပဒဂုံကုမ္ပဏီမှ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း၊ ၂၅-၃-၂၀၀၇ (Western Park) ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်အိုက်ဟင်-မနှင်းဇာမိုး**

## အမည်ဖြည့်စွက်ခေါ်ပါရန်

မဆွေဆွေဦး၊ ၁၂/အစန(နိုင်) ၁၄၇၆၆၁ အား ယနေ့မှစ၍ မဆွေဆွေဦး(ဝါ) မပိုပိုထွေးဟု ဖြည့်စွက်ခေါ်ပါရန်။

**ဆွေဆွေဦး(ဝါ)ပိုပိုထွေး**

## သင်္ကြန်(၁၀)ရက် တရားစခန်း

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက် ကမာရွတ် ဘူတာနောက်ကျော ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌ သတ္တမအကြိမ် နွေရာသီမဟာစည် မဟာသတိပဋ္ဌာန် ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲကို တန်ခူးလပြည့်ကျော် ၁၂ ရက်မှ ကဆုန်လဆန်း ၇ ရက်ထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဧပြီ ၂ ရက် နောက်ဆုံးထား၍ ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆ (လိုင်းခွဲ-၁၈၁) ၀၉-၅၀၁၇၅၅၄ သို့ ဆက်သွယ်စာရင်းပေးသွင်း နိုင်ကြောင်းနှင့် တရားဝင်ယောဂီ ဦးရေကန့်သတ်ထားပါ၍ကြိုတင်စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။(က-ပ)

ပေပေပေပေ အဆင့်မြင့်ခရီးသွားလုပ်ငန်း
သာမညာ-မြဝတီ မဲဆောက် (ထိုင်းသင်္ကြန်ခရီးစဉ်)
April 13-18
အမှတ်(၉၈)၊၄၂လမ်း၊ဗိုလ်တထောင် Ph : 380821, 392086

7DAY SPORTS journal
သင့်အတွက်
အသစ်လွင်ဆုံး၊ အလတ်ဆတ်ဆုံး၊ အပြည့်စုံဆုံး
အားကစားဆိုင်ရာသတင်းများ၊ သတင်းဆောင်းပါးများ၊ ကဏ္ဍစုံလင်စွာ
ဘောလုံးရသအပြည့်ဖြင့် ယနေ့ထွက်ပြီ။



ထွက်ပြီ
Tel: 01-243 542
09-51-73255



ပန်းအာလင်္ကာ မဂ္ဂဇင်း

REGD
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၁၈/၂၀၀၅၊တဆထလ/တိုင်း(၅၄)
မှတ်မိတယ်နော် စိန်ဘယက် ငန်းနီကျော်
ဖျားနာ ကိုက်ခဲ တုပ်ကွေးပျောက်
စိန်ဘယက် ငန်းနီကျော်ကို သောက်...
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၅၀၇ YR ၀၀၃၀၂

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၆**

၂၀၀၇ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာ ဖာ့ခ်ရုဒင် အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ပုသိမ်–ဟင်္သာတ–ကြံခင်း ရထားလမ်းပေါ်ရှိ ဖားတစ်ရှဉ်းတံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၅

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ပုသိမ်–ဟင်္သာတ–ကြံခင်းရထားလမ်းပိုင်း မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာအကြား မိုင်တိုင်အမှတ် ၁၇၂/၁၄–၁၅ မိုင်တွင် တည်ရှိသည့် ဖားတစ်ရှဉ်းတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတံတားအနီးရှိ မုခ်ဦးရှေ့၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪**

**ဖားတစ်ရှဉ်း တံတားကို တွေ့ရစဉ်။** (သတင်းစဉ်)

## ၂၀၀၆ ခုနှစ် ရွှေတြိဂံဒေသ ဘိန်းစစ်တမ်းအရ မြန်မာ၊ လာအိုနှင့် ထိုင်းတို့၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ၂၀၀၅ ခုနှစ်ကထက် ၂၉ရာခိုင်နှုန်း ကျဆင်း

## ပြည်ပသို့လူကုန်ကူးမှုခံရသူ မြန်မာနိုင်ငံသားများအား အကူအညီနှင့် အထောက်အကူများ ပေးနိုင် HIV/AIDS တိုက်ဖျက်ရေးတွင် တရားဥပဒေအရ ထိန်းသိမ်းရေးကဏ္ဍကို အောင်မြင်စွာဆောင်ရွက်လျက်ရှိ

## မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်အောင်မြင်မှုကို UNODCကထုတ်ပြန်သည့် ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထား

နေပြည်တော် မတ် ၂၅

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) က ၂၀၀၆ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအဖြစ် ယခုလအတွင်း ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်ရေး၊ လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေးနှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်ကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက် အောင်မြင်လျက်ရှိကြောင်း ဖော်ပြထားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

**ကြေးမုံ The Mirror**

**(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို**

**ဆောင်းပါး၊ ကဗျာ၊ ကာတွန်း အညွှန်း**

☆ **“မျိုးချစ်စိတ်ဓာတ်သည် အမျိုးသားနိုင်ငံရေး၊အမျိုးသားစီးပွားရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတို့ကို မြင့်မားစေနိုင်သည့် သတ္တိရှိသည်။ တပ်မတော်က နိုင်ငံတော်ကို စွန့်လွှတ် စွန့်စား ကာကွယ်စောင့်ရှောက်နေသည်မှာလည်း မိမိနိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်၊ မိမိလူမျိုးကို တန်ဖိုးထားသည့် မျိုးချစ်စိတ်ဓာတ် အရင်းခံအကြောင်းတရားတို့ကြောင့် ဖြစ်သည်။”**
ကြည်ဝင်းညွန့်၏ **“စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြမည်”** (ဆောင်းပါး) စာမျက်နှာ–၆၊ ၇

☆ မျိုးမြတ်မြတ်မြင့်မောင်၏ **“တပ်မတော်သားတို့ရဲ့ ပုံရိပ်”** (ကဗျာ) စာမျက်နှာ–၇

☆ ရဲမင်းထက်၏ **“ခေတ်မီတပ်မတော် တည်ဆောက်ဖို့လိုအပ်”** (ကာတွန်း) စာမျက်နှာ–၇

## ၂၀၀၇ ခုနှစ်(၆၂)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံတိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၅**

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပပုံကို မြန်မာ့အသံနှင့်မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တို့မှ မတ် ၂၇ ရက် နံနက် ၆နာရီမှစ၍ အခမ်းအနား ကျင်းပရာ နေပြည်တော်စစ်ရေးပြကွင်းမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)